ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၅၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၁၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၅၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျန်းမာရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ နိုင်ငံတော် သမ္မတနှင့် နိုင်ငံရေးပါတီများတွေ့ဆုံပွဲ။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ညီဖြစ်သူကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ပြည်ပခရီးစဉ်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန် (၄)၊ ပြည်ပခရီးစဉ်။ ဦးဘရန်ရှောင်၊ ကချင် (၃)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာတွင် မြန်မာနိုင်ငံ ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာတွင် မြန်မာနိုင်ငံ ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒနဲ့ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းရင်း နဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာတွင် မြန်မာနိုင်ငံ ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ရှိသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဗားလုံကျေးရွာဟာ ကလေး-သိုင်းငင်း-ဖလမ်း ကားလမ်းပေါ်ရှိ မိုင်တိုင်(၄၁)မိုင်မှာရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ အဲဒီကျေးရွာဟာ ကျွန်တော်တို့ ဒီကလေးမြို့ကနေ ဖြတ်လမ်းနဲ့ ခြေလျင်နဲ့ သွားလိုက်လို့ရှိရင် အိန္ဒိယနယ်ဘက်ကို အလွယ်တကူ ကူးနိုင်တဲ့ဒေသ ဖြစ်ပါတယ်။ ဖော်ပြတဲ့အတိုင်းပဲ ကျွန်တော်တို့ ဒီဗားလုံကျေးရွာမှာ ရဲစခန်း ဖွင့်လှစ်ခြင်းအားဖြင့် ကျွန်တော်တို့ ခြေလျင်လမ်းဖြင့် ပစ္စည်းအမျိုးမျိုး၊ မှောင်ခိုပစ္စည်းအမျိုးမျိုး၊ နောက် အစိုးရတားမြစ်ထားတဲ့ မူးယစ်ဆေးဝါးအမျိုးမျိုး သယ်ယူပို့ဆောင်မှုကိုလည်း တားဆီးနိုင်မှာ ဖြစ်ပါတယ်။

၎င်းအပြင် ကျွန်တော်တို့ ဒီဗားလုံကျေးရွာနားတစ်လျှောက်မှာ ယာဉ်တိုက်မှုဖြစ်တဲ့အခါ သော်လည်းကောင်း၊ ဆိုက်ကယ်တိုက်မှုဖြစ်တဲ့ အခါသော်လည်းကောင်း ဒီ ရဲတာဝန် ထမ်းဆောင်တဲ့ ရဲဝန်ထမ်းတွေက အချိန်မီကူညီ ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ အရင်တလော ဧပြီလ ကုန်ခါနီးမှာ ကျွန်တော်တို့ ဒီဗားလုံကျေးရွာကနေပြီးမှ ကလေးမြို့ဘက် (၂)မိုင်လောက်ဝေးတဲ့နေရာမှာ ကားတစ်စီး လမ်းပေါ်မှာ ထိုးကျလို့ ပွဲချင်းပြီး ခရီးသည်(၂)ယောက် သေဆုံးသွားပါတယ်။ နောက် သူ့သားကတော့ ဖလမ်းဆေးရုံအရောက်မှာ သေဆုံးတာ(၁)ယောက်ပါတယ်လို့ ကြားသိရပါတယ်။ အဲဒီလိုအခါမျိုးမှာ လည်းပဲ ဒီရဲစခန်း ဖွင့်လှစ်ခြင်းအားဖြင့် ရဲဝန်ထမ်းများလည်း အချိန်မီ စာရင်းရယူပြီး ကယ်တင်နိုင်မှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဒီဗားလုံကျေးရွာသည် ကျွန်တော်တို့ ခုန ပြောတဲ့ မှောင်ခိုလမ်းကို ဖြတ်သွား ဖြတ်လာနေရာလည်းဖြစ်တဲ့အလျောက် အဲဒီမှာလည်း အထူးလိုအပ်တဲ့ဒေသ ဖြစ်ပါတယ်။ မှောင်ခိုသွားပုံ သွားနည်းကတော့ ကျွန်တော်တို့ ကလေးမြို့နယ်ကနေပြီးမှ မနေ့က ကျွန်တော်တင်ထားတဲ့ ဇီးချောင်း ရေအားလျှပ်စစ် တည်နေရာလမ်းကနေပြီးမှ သူတို့ သယ်ယူတဲ့ပစ္စည်းကို ကျွန်တော် ဇီးချောင်းရေအား လျှပ်စစ်ကနေပြီးမှ ရော်ပစ္စည်းရွာ၊ ရော်ပစ္စည်းကနေ ဒုမန်၊ ဒုမန်းရွာကနေ ယောင်လေး၊ ယောင်လေး ကတော့ ကားလမ်းပေါ်မှာ ဖြစ်ပါတယ်။ ကားလမ်းကနေပြီးမှ ဗားလုံဘက် (၂)မိုင်လောက် လိုက်သွားပြီးမှ လက်ဝဲဘက်ကို ရှောင်ကွေ့လိုက်လို့ရှိရင် တောလမ်းအတိုင်း ကျွန်တော်တို့ မဏိပူရမြစ်ကိုပဲ ပြန်ဆုံ ပါတယ်။ မဏိပူရမြစ်ကျော်သွားလို့ရှိရင် ကျွန်တော်တို့ အိန္ဒိယပြည်နယ်ဘက် အနီးကလေး ရောက်မှာ ဖြစ်ပါတယ်။

အဲဒါကတော့ လမ်းကြောင်းတစ်ခု၊ နောက် လမ်းကြောင်းတစ်ခုကတော့ အဲဒီရေအားလျှပ်စစ် အသုံးပြုတဲ့ ချောင်းရဲ့ မြောက်ဘက်ကနေပြီး လိုက်သွားလို့ရှိရင် ကျွန်တော်တို့ တီးတိန်မြို့နယ်၊ ဇောလ်ပီး ဆိုတဲ့ကျေးရွာ ကိုရောက်ပါတယ်။ ဇောလ်ပီးကနေ တောလမ်းအတိုင်းလိုက်သွားလို့ရှိရင် ကျွန်တော်တို့ ဗားလုံရဲ့ တစ်မိုင်ခွဲ ကျော်ကျော်လောက် ဒီမိုက်ခရိုဝေ့ တည်ထောင်တဲ့နေရာကိုရောက်ပြီးမှ အဲဒီကနေ (မော်ပလဲလမ်းခွဲ ရောင်န်ကောင်း)ကားလမ်း ကျွန်တော်တို့ ကလေး-သိုင်းငင်း ကားလမ်း ရောင်န်ကောင်း ကိုရောက်ပြီးမှ ရောင်န်ကောင်းကနေ မော်ပလဲလမ်းခွဲကိုလိုက်သွားလို့ရှိရင် မဏိပူရမြစ်ကိုပဲ ပြန်ရောက် ပါတယ်။ အဲဒီကနေတစ်ဆင့် အိန္ဒိယပြည်ကို အလွယ်တကူနဲ့ ကူးသွားလို့ရပါတယ်။ ရိဒ်စခန်းကို မရောက် တော့ဘဲနဲ့ ဝမ်ဖိုင်ကို အလွယ်တကူသွားနိုင်တဲ့လမ်း ဖြစ်တဲ့အတွက်ကြောင့် အဲဒီလမ်းကို အသုံးပြုမှ မသမာစီးပွားရေးသမားများကနေပြီးမှ အစိုးရက တားမြစ်ထားတဲ့ပစ္စည်းများကို ဒီအတိုင်းပဲ အဲဒီနေရာကို ဖြတ်သွားဖြတ်လာ သယ်ယူတာကိုလည်း တွေ့ရှိရပါတယ်။

အဲဒါဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီဟာကိုအသုံးပြုပြီးမှ အစိုးရတားမြစ်ထားတဲ့ မူးယစ်ဆေးဝါး အရည်၊ အခဲနဲ့ အမှုန့်များကို မြန်မာနိုင်ငံနေရာအနှံ့တွေ့ရအောင်လည်း အဲဒီလမ်းကို အသုံးပြုတဲ့ တစ်ခု

အပါအဝင်ဖြစ်ပါတယ်။ ယခုအခါမှာ ကလေးမြို့နယ်ကနေတောင်ဘက် မိုင်(၅၀)ဝေးတဲ့ ဒူးနွယ်ကျေးရွာမှာ ရွာဦးဆရာတော်ဘုရားကြီးရဲ့ စည်းရုံးမှုဖြင့် ၉-၅-၂၀၁၅ ရက်နေ့တွင် မူးယစ်ဆေးဝါး သုံးစွဲသူများ ကုသရန်အတွက် ဆေးခန်းဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆေးစွဲသူ (၃၅) ဦး စာရင်းပေးထားပြီးမှ(၂၃)ဦးလာရောက် ကုသလျက်ရှိပါတယ်။ အဲဒီထဲမှာ (၄)ယောက်ကတော့ အမျိုးသမီးဖြစ်တယ်လို့ သိရပါတယ်။ အဲဒါကို ကျွန်တော်တို့လေ့လာတဲ့အခါမှာ ပြည်ထောင်စုနေ့စဉ်သတင်းစာရဲ့ စာမျက်နှာ ၁၈ မှာ ကျွန်တော်တို့ တွေ့ရှိနိုင်ပါတယ်။ ၎င်းအပြင် အဲဒီအထဲမှာ ဆက်လက်ဖော်ပြတာကတော့ ဘယ်လိုဖော်ပြသလဲဆိုတော့ အဲဒီကလေးမြို့နယ်မှာ ဘိန်းဖြူမှုက(၂၅)မှု၊ ဘိန်းမှုက(၁၆)မှု၊ စိတ်ကြွဆေးပြား(၂)မှု၊ Psendoephedrivic (၂)မှု၊ ခတ်ပုံ(၁)မှုတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး တရားခံ(၇၂)ယောက်ဖမ်းမိခဲ့ပါတယ်။ အဲဒီထဲမှာ (၁၁)ယောက်က အမျိုးသမီး ဖြစ်တယ်လို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။

ဒါကြောင့် ဒီကလေးမြို့နယ်မှာ မူးယစ်ဆေးဝါးတွင်တွင်ကျယ်ကျယ် အသုံးပြုရခြင်းကလည်းပဲ ဒီလမ်းကြောင်းကို အသုံးပြုတဲ့အတွက်ကြောင့်လည်း အပါအဝင်ဖြစ်မယ်လို့ ကျွန်တော်ယူဆပါတယ်။ အခု ကျွန်တော်မေးမြန်းမယ့် မေးခွန်းကိုလည်းပဲ ဖြေဆိုမယ့် ပြည်ထောင်စုဝန်ကြီးလည်းရောက်လာပြီ ဖြစ်တဲ့ အတွက်ကြောင့် အစီအစဉ်မရှိဘူးလို့ပဲဖြေဖြေ၊ အစီအစဉ်ရှိတယ်လို့ပဲဖြေဖြေ အခြေအနေအရတော့ တောင်းဆိုနေတာဖြစ်ကြောင်း ကျွန်တော် ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လူဦးရေသိပ်သည်းမှု၊ မှုခင်းဖြစ်ပွားမှုနဲ့ တရားဥပဒေစိုးမိုးရေး လွှမ်းခြုံနိုင်မှု အခြေအနေပေါ် မူတည်ပြီးတော့ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနဲ့ ရဲကင်းစခန်းများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ရေးကို ဦးစားပေးအစီအစဉ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအချိန်မှာ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ နိုင်ငံ့လူဦးရေ အချိုးဖြစ်တဲ့(၁း၆၉၀)နှုန်းထက် မြင့်မားနေတဲ့မြို့နယ်များရဲ့ ဖွဲ့စည်းပုံလိုအပ်ချက်များကို ပြင်ဆင်တာ၊ တိုးချဲ့တာ အသစ်ဖွဲ့စည်းခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာဟာ သီးဆဲင်ကျေးရွာအုပ်စုအတွင်းမှာ ပါဝင်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်

အထက် ပေ(၆၀၀၀)မှာတည်ရှိပြီးတော့ မြောက်ဘက်မှာ တီးတိန်မြို့နယ် နောင်လေးကျေးရွာ၊ အရှေ့ဘက်မှာ ဖလမ်းမြို့နယ် ဇော်လ်ပီးကျေးရွာ၊ တောင်ဘက်တွင် ဒုမန်းကျေးရွာ၊ အနောက်ဘက်မှာ ဇောလ်နိုးကျေးရွာတို့နဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ သီးဆဲင်ကျေးရွာအုပ်စုမှာ သီးဆဲင်ကျေးရွာနဲ့ ဗားလုံကျေးရွာဆိုပြီးတော့ ကျေးရွာနှစ်ရွာရှိပြီးတော့မှ အိမ်ခြေ(၂၀၆)အိမ်၊ အိမ်ထောင်စု (၁၅၉)စု၊ လူဦးရေ(၄၈၆)ဦး၊ ကျား(၄၈၆)ဦးနဲ့ မ(၄၅၀)ဦး ပေါင်း(၉၃၆)ဦးနေထိုင်လျက်ရှိပြီးတော့ ရာသီ သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။

ဗားလုံကျေးရွာဟာ ဖလမ်းမြို့နယ်၊ ဗားရဲကင်းစခန်းအပိုင်နယ်မြေမှာ ပါဝင်ပြီးတော့မှ မြောက်ဘက်(၁၀)မိုင်မှာ တီးတိန်မြို့နယ်၊ သိုင်းငင်းရဲကင်းစခန်း၊ အရှေ့ဘက်(၄၀)မိုင်မှာ တီးတိန်မြို့နယ် ကိုးမိုင်ရဲကင်းစခန်း၊ တောင်ဘက်(၂၈)မိုင်မှာ ဖလမ်းမြို့နယ် ဗားရဲကင်းစခန်းနဲ့ အနောက်ဘက်(၂၂)မိုင်မှာ တီးတိန်မြို့နယ် ထုတ်လှိုင်ရဲကင်းစခန်းတို့ ခြံရံတည်ရှိပြီးတော့ ဗားလုံကျေးရွာနဲ့ တစ်မိုင်၊ လေးဖာလုံအကွာမှာ ဗားလုံမိုက်ခရိုဝေ့ ရဲလုံခြုံရေးကင်းတည်ရှိပါတယ်။ ဗားလုံကျေးရွာသို့ ဗားလုံရဲကင်းစခန်းမှ လှည့်ကင်းများလစဉ်ဆောင်ရွက်လျက်ရှိရာ နယ်မြေအေးချမ်းတည်ငြိမ်လျက်ရှိပါတယ်။ ဗားလုံကျေးရွာဟာ ကလေး-ဖလမ်း-ဟားခါး ကားလမ်းမပေါ်မှာတည်ရှိပြီးတော့မှ ဗားလုံကျေးရွာအုပ်စုအတွင်းမှာ မှုခင်းဖြစ်ပွားမှုအခြေအနေက ၂၀၁၁ ခုနှစ်မှာ ယာဉ်တိုက်မှု(၁)ခု၊ ၂၀၁၂ ခုနှစ်မှာ မူးယစ်ဆေးဝါး အမှု(၁)မှု၊ ၂၀၁၃ ခုနှစ်မှာ မူးယစ်ဆေးဝါးအမှု(၁)မှု၊ ၂၀၁၄ ခုနှစ်မှာ မှုခင်းဖြစ်ပွားမှုမရှိကြောင်းနဲ့ ၂၀၁၅ ခုနှစ် ဧပြီလကုန်အထိ ယာဉ်တိုက်မှု(၁)မှုဖြစ်ပွားခဲ့တဲ့အတွက် မှုခင်းဖြစ်ပွားမှုနည်းပါးသော ဒေသဖြစ်ကြောင်းတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဖလမ်းမြို့နယ်၊ ဗားလုံကျေးရွာဟာ လူဦးရေနည်းပါးခြင်း၊ မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ ဒေသလုံခြုံရေးနဲ့တရားဥပဒေစိုးမိုးရေးအတွက် လစဉ်လှည့်ကင်းများနဲ့ စိုးမိုးထားခြင်းများကြောင့် ဗားလုံကျေးရွာမှာ ရဲစခန်းဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပထမအဆင့် (First Wave) ပြုပြင်ပြောင်းလဲရေး၊ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့် (Third Wave) အရှိန်အဟုန်မြှင့် ပြုပြင်ပြောင်းလဲရေးတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပထမအဆင့် (First Wave) ပြုပြင်ပြောင်းလဲရေး၊ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့် (Third Wave) အရှိန်အဟုန်မြှင့် ပြုပြင်ပြောင်းလဲရေးတို့နဲ့ စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝတရားရှေ့ထားပြီး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်အနေနဲ့ အစိုးရရဲ့နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်အတွက် ပထမအဆင့် (First Wave) ပြုပြင်ပြောင်းလဲရေး၊ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့် (Third Wave) အရှိန်အဟုန်မြင့် ပြုပြင်ပြောင်းလဲရေးတို့နဲ့ ပတ်သက်၍ မေးခွန်းများကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား အစိုးရရဲ့နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆင့်ဆင့်ပြုပြင် ပြောင်းလဲရေးတို့နဲ့ပတ်သက်၍ ပြည်သူလူထုများမှ သိရှိလို၍ မေးမြန်းလာသောကြောင့် သော်လည်းကောင်း၊ ပြည်သူလူထုမှ ပိုမိုသိရှိနားလည်လက်ခံခြင်းအားဖြင့် ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော် အောင်မြင်နိုင်မည်ဟု ယုံကြည်သောကြောင့်သော်လည်းကောင်း ဒီမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းအမှတ်စဉ်(၁)အနေနဲ့ ပထမအဆင့်(First Wave) ပြုပြင်ပြောင်းလဲရေးတွင် မည်သည့်ခေါင်းစဉ်များကို မည်သည့်အချိန်ကာလမှစတင်၍ မည်သို့သော အခန်းကဏ္ဍများ၌ ပြုပြင်ပြောင်းလဲပြီး အောင်မြင်မှုအတိုင်းအတာ ဘယ်လောက်အထိရရှိတာကို သိရှိလိုပါတယ်။

မေးခွန်းအမှတ်စဉ်(၂)အနေနဲ့ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေးတွင် မည်သည့်ခေါင်းစဉ်အချက်အလက်များ၊ မည်သည့်အပိုင်းများပါဝင်တယ်၊ မည်သည့်အချိန်ကာလ မှ စတင်၍ မည်သို့သောအခန်းကဏ္ဍများတွင် ပြုပြင်ပြောင်းလဲပြီးမည်သည့်အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်သည်ကိုသိရှိလိုပါတယ်။ ဒါ့အပြင် အောင်မြင်မှုအတိုင်းအတာနဲ့ အချိန်ကာလကိုလည်းသိရှိလိုပါတယ်။ မေးခွန်းအမှတ်စဉ်(၃)အနေနဲ့ တတိယအဆင့် (Third Wave) အရှိန်အဟုန်မြင့် ပြုပြင်ပြောင်းလဲရေးတွင် မည်သည့်ကဏ္ဍများကို မည်သည့်အချိန်ကာလများ၌ စတင်၍ မည်မျှအောင်မြင်မှုအတိုင်းအတာရှိပြီ ဖြစ်ကြောင်းနဲ့ ပြည်သူလူထုနဲ့ အဖွဲ့အစည်းများမှ မည်သို့ပါဝင်ဆောင်ရွက်သွားရမယ်ဆိုတဲ့အချက်များကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာအတွင်းရှိ နိုင်ငံတော်ပိုင် ချောင်းကောမြေအား ကျူးကျော်ဝင်ရောက်ထွန်ယက်နေသူများနှင့် ကုန်ထုတ်လမ်းအား ပိတ်ဆို့ကာရံထားသူများကို တားမြစ်ဖယ်ရှားပေးရန်နှင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်နေသော ကုန်ထုတ်လမ်းနှင့် အားကစားကွင်း၊ ကျေးရွာတွင် မရှိမဖြစ်သည့် သုသာန်(သင်္ချိုင်းမြေ) တို့ကို ပြန်လည်ဖော်ထုတ် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာအတွင်းရှိ နိုင်ငံတော်ပိုင် ချောင်းကောမြေအား ကျူးကျော်ဝင်ရောက်

ထွန်ယက်နေသူများနှင့် ကုန်ထုတ်လမ်းအား ပိတ်ဆို့ကာရံ ထားသူများကို တားမြစ်ဖယ်ရှားပေးရန်နှင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်နေသော ကုန်ထုတ်လမ်းနှင့် အားကစားကွင်း၊ ကျေးရွာတွင် မရှိမဖြစ်သည့် သုသာန်(သင်္ချိုင်းမြေ)တို့ကို ပြန်လည်ဖော်ထုတ် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာ နိုင်ငံတော်ပိုင် ချောင်းကောမြေအား ကျူးကျော်ဝင်ရောက် ထွန်ယက် ခြင်းနှင့် ကုန်ထုတ်လမ်းအား ပိတ်ဆို့ကာရံထားသူများကို တားမြစ်ဖယ်ရှားပေးရန်နှင့် အရေးယူ ဆောင်ရွက်ပေးရန်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော မူလကုန်ထုတ်လမ်းနှင့် ကျေးရွာအားကစားကွင်းနှင့် ကျေးရွာတွင်မရှိမဖြစ်သည့် သုသာန်(သင်္ချိုင်းမြေ)အား ပြန်လည်ဖော် ထုတ် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာအုပ်စု၊ ဟိုင်းကူး ကျေးရွာဟာ ယခုလက်ရှိ ငမိုးရိပ်ချောင်းနှင့် ယခင်အခါက လှည်းကူးမြို့နဲ့ဖောင်ကြီး ဗဟိုပြည်သူ့ ဝန်ထမ်း တက္ကသိုလ်သို့သွားရာ ကားလမ်းမကြီးနံဘေးတွင် တည်ရှိပါတယ်။ လွန်ခဲ့တဲ့ (၂၅) နှစ်ကျော် ခန့်က ငမိုးရိပ်ချောင်းသည် ကမ်းပြိုရေတိုက်စားမှုကြောင့် လှည်းကူးမြို့နဲ့ဖောင်ကြီး ဗဟိုဝန်ထမ်း တက္ကသိုလ်သို့သွားရာ ကားလမ်းမကြီးနှင့် တဖြည်းဖြည်းနီးကပ်လာ၍ လမ်းအန္တရာယ်ရှိလာသဖြင့် နိုင်ငံတော်မှ သက်ဆိုင်ရာမြို့နယ်မှ စီမံချက်ချမှတ်ကာ ဦးသာရင် အမည်ပေါက်လယ်မြေကို ခေတ်ကာလ ပေါက်ဈေးဖြင့် လျော်ကြေးပေးပြီး ချောင်းသစ်ဖောက်လုပ်ခဲ့ပါတယ်။ ချောင်းဟောင်းကို ဖြတ်၍ မဖောက်ခင်အချိန်က ဟိုင်းကူးကျေးရွာတွင် ကျေးရွာသုသာန်ရှိပြီးရေတိုက်စား၍ ကမ်းပြိုရာသို့ သင်္ချိုင်းမြေပါသွားသဖြင့် ကျေးရွာ၌ နာရေးကိစ္စရှိသည့်အခါ ငမိုးရိပ်ချောင်းနှုတ်ခမ်းစပ်တွင် မြှုပ်နှံ သင်္ဂြိုလ်နေရသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ လွန်ခဲ့သော (၂၅) နှစ်က နိုင်ငံတော် စီမံချက်ဖြင့် ချောင်းသစ်ဖောက်လုပ် ခဲ့သည့်အတွက် ချောင်းဟောင်းကျန်ခဲ့ပြီး ချောင်းကျိုးမြေအလျား ပေ(၃၀၀၀)၊ အနံပေ(၁၅၀)ခန့်ရှိပါတယ်။ ယခင်ကချောင်းကျိုးမြေကို မည်သူမှပိုင်ဆိုင်နေထိုင်ခွင့် မရှိခဲ့ပါ။ ချောင်းကျိုးမြေပေါ်တွင် ကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်အခါက လူငယ် ဘောလုံးကစားကွင်းနှင့် လယ်သမားကုန်ထုတ် လမ်းရှိခဲ့ပါတယ်။ ဟိုင်းကူးကျေးရွာ၏ ချောင်းကျိုး၊ ချောင်းကွေ့မြေသည် နိုင်ငံတော်ပိုင်မြေဖြစ်၍ ခန့်မှန်း(၁၀) ဧကခန့် မနည်းကျယ်ဝန်းပါတယ်။ အဆိုပါ ချောင်းကျိုးမြေပေါ်တွင် ကျေးရွာတွင်အမှန်တကယ်လိုအပ်နေသော သုသာန်သင်္ချိုင်းမြေ၊ လူသွား လမ်း၊ လယ်ကိုသွားရာ ကုန်ထုတ်လမ်းနှင့် ကျေးရွာအားကစားကွင်း၊ ဘောလုံးကွင်းများ သတ်မှတ်ပေး ပါရန် ကျေးရွာလုပ်သားပြည်သူမှ တစ်ရွာလုံးမှ ၄-၁၀-၂၀၁၃ ရက်နေ့က တင်ပြခဲ့သော်လည်း

အကြောင်းအကျိုး မည်သို့မျှ မထူးခြားခဲ့ပါ။ ချောင်းသစ်ဖောက်လုပ်ပြီး ရေမရှိတော့သည့်အတွက် ချောင်းဝမှ ကောလာသည့်မြေများကို တာဝန်ရှိသူများမှ အနီးပတ်ဝန်းကျင်ရှိ တောင်သူလယ်သမားများအား ရောင်းချ၍ ပိုင်ရှင်များမှ လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ပေးရန် လျှောက်ထားချက်အရ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနမှ မြေစာရင်းပုံစံ ၁၀၅၊ လယ်လုပ်ပုံစံ(၇) ထုတ်ယူပြီး၊ ခြံစည်းရိုးများ ပိတ်ဆို့ ကာရံထားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ အခုမြင်တွေ့ရတာတွေ လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာ၊ သင်္ချိုင်းမြေဖြစ်ပါတယ်။ ဒါကတော့ သင်္ချိုင်းမှာ ကျွန်တော်တို့ မြှုပ်နှံထားတဲ့ ဂူပါ။ ဒါအခုဆို (၁၀)ပေပတ်လည်လောက်ပဲ ရှိပါတော့တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော် ချောင်းကော၊ ချောင်းကျိုးမြေအား ကျူးကျော်ဝင်ရောက်သူများနှင့် ကုန်ထုတ်လမ်းအား ပိတ်ဆို့ကာရံထားသူများအား ဥပဒေအရ တားမြစ်ဖယ်ရှားပေးပါရန်နှင့် ဟိုင်းကူးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသော မူလလယ်သမားကုန်ထုတ်လမ်း၊ ကျေးရွာဘောလုံးကွင်း၊ အားကစားကွင်းနှင့် ကျေးရွာတွင် မရှိမဖြစ် လိုအပ်နေသော သုသာန်သင်္ချိုင်းမြေကိုပြန်လည် ဖော်ထုတ်စီမံဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာ သင်္ချိုင်းမြေပုံ (၃၃)



လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာ သင်္ချိုင်းမြေပုံ (၃၃-၁)




လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာ သင်္ချိုင်းမြေပုံ (၃၃-၂)



**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-၁ မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပထမလှိုင်း First Wave ဆိုသည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များကို ကျင်းပ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများအဖြစ် ဒီမိုကရေစီ နည်းလမ်းတကျ ဖွဲ့စည်းပြုပြင်ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို ပထမလှိုင်း First Wave ဟု သတ်မှတ်ပါတယ်။ ထို့ကြောင့် တပ်မတော်အစိုးရ တစ်နည်းအားဖြင့် Appointed Government ဖြစ်သည့် ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရထံမှ ဒီမိုကရေစီစနစ် တစ်နည်းအားဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ရွေးကောက်တင်မြှောက်သော အစိုးရဖြစ်သည့် ယနေ့ နိုင်ငံတော်ကို ဦးဆောင်နေသည့် လက်ရှိအစိုးရ စတင်တာဝန်ယူသည့် ကာလသည် ပထမလှိုင်း First Wave ဖြစ်ပါသည်။

ဒုတိယလှိုင်း Second Wave ဆိုသည်မှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ်လက်ထက်တွင် အောက်ပါ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ်ကို ဆောင်ရွက်ခြင်း ကိုဆိုလိုပါတယ်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ၂၀၁၂ ခုနှစ်တွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ၂၀၁၃ ခုနှစ်တွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ပြုပြင်ပြောင်းလဲမှု(၁)အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် (၂)ပိုင်းပါဝင်ပြီး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ Peace Building နှင့် နိုင်ငံရေးတွင် အားလုံးပါဝင်နိုင်ရေး၊ Political Inclusiveness တို့ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှု(၂) အနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် (၃)ပိုင်းပါဝင်ပြီး၊ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဘောင်(၁၀)ချက်၊ စီးပွားရေးမူဝါဒ (၄)ချက်၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု (၅)နှစ် စီမံကိန်းတို့ ရေးဆွဲနိုင်ခဲ့ပါတယ်။ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင် (၁၀) ချက်မှာ ဘဏ္ဍာရေးနှင့် အခွန်စနစ် ပြုပြင်ပြောင်းလဲရေး၊ ငွေကြေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပြုပြင်ပြောင်းလဲရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး။

ပညာရေး၊ စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်မှုစနစ်နှင့် ပွင့်လင်း မြင်သာမှု၊ မိုဘိုင်းဖုန်းနှင့် အင်တာနက်၊ အခြေခံအဆောက်အဦ ထိရောက်ထက်မြက်သည့် အစိုးရဖြစ်ရေး တို့ဖြစ်ပြီး၊ ယခုလက်တွေ့ ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေး မူဝါဒ(၄)ရပ်မှာ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး တို့ ဖြစ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်သူဗဟိုပြု အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု (၅)နှစ် စီမံကိန်းကိုလည်း ရေးဆွဲခဲ့ပါတယ်။ ပြည်သူဗဟိုပြု အမျိုးသား ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲရာမှာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၄)ရပ်ကို နိုင်ငံတော် သမ္မတကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် ဦးစားပေး လုပ်ငန်း(၇)ရပ်ဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အခြေခံပြီး ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှု (၃) အနေဖြင့် ၂၀၁၂ ခုနှစ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွင် ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance)၊ သန့်ရှင်းသော အစိုးရ (Clean Government) နဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ကို ရှိအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲမှု (၄)အနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု အနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံခြား အရင်းအနှီးများနှင့် နည်းပညာများ စီးဝင်လာစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြန်လည်ပြင်ဆင်၍ အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေပိုမိုရရှိစေရေးတို့အတွက် အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊ ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေး၊ ကုန်စည်ဈေးကွက် ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် ကျွမ်းကျင်နည်းပညာများ ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ လျှပ်စစ် အပါအဝင် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြုပြင်ပြောင်းလဲမှု(၄)ခုအနက် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် အဓိက အကျဆုံးဖြစ်ပါသည်။ ငြိမ်းချမ်းရေး ရရှိပြီး နိုင်ငံရေးမှာ အားလုံးပါဝင်ခွင့်ရရှိ၍ စီမံကိန်းများ အခြေကျ ကောင်းမွန်နေသော်လည်း ကောင်းမွန်သော အုပ်ချုပ်ရေး မရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေမှာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးကောင်းမွန်ပါက လူသားဘဝဆိုင်ရာ လုံခြုံရေး၊ လူမှုရေးဘဝ

ဆိုင်ရာ လုံခြုံရေးတွေ ရရှိနိုင်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဦးတည်ခြင်း ဖြစ်ပါတယ် ။

တတိယလှိုင်း Third Wave အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့မှစ၍ ဒီမိုကရေစီ နိုင်ငံသစ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ရပ်ချမှတ်သွားနိုင်ရေးနှင့် ပြည်သူများ၏ လူမှု စီးပွားရေး လိုလားချက်များကို ဖြည့်ဆည်းသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြုပြင် ပြောင်းလဲမှု လုပ်ငန်းစဉ် (၄)ရပ်အား အရှိန်မြှင့်၍ ပြည်သူများ ပါဝင်မှုဖြင့် လက်တွေ့ရလဒ်များရရှိရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ တတိယလှိုင်းသည် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်(၄)ရပ်ကို ပိုမို၍ အားကောင်းစေရန် စွမ်းအားရှိစေရန် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

First Wave, Second Wave, Third Wave လှိုင်း(၃)ခုစလုံးသည် စတင်ဆောင်ရွက်သည့် နေ့ကစပြီး စဉ်ဆက်မပြတ် အရှိန်အဟုန်မပျက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် လက်ရှိ အစိုးရသက်တမ်း ကာလပြီးဆုံးသည့် အချိန်တွင် ပြီးဆုံးမည် ဖြစ်ပါတယ်။

အဆင့်များအလိုက် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ First Wave စတင်ဆောင်ရွက်ပြီးသည့် အခါ First Wave ကို ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် First Wave ကို အထောက်အကူပြုစေရန်အတွက် Second Wave ကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ Second Wave ပြီးဆုံး၍ Third Wave ကို ဆောင်ရွက်ခြင်း မဟုတ်ဘဲ Second Wave ၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်း စဉ်များ ပိုမိုကောင်းမွန် ထိရောက်စေရန်အတွက် Third Wave ဖြင့် အရှိန်အဟုန်မြှင့်တင်ပြီး နိုင်ငံ့ ဝန်ထမ်းများအား ပိုမို၍ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူတတ်မှု၊ တာဝန်ခံမှုရှိစေရန် ဆောင်ရွက်ခြင်း တို့ဖြစ်၍ မိမိတို့ တာဝန်ယူနေသည့် သက်တမ်းမကုန်မချင်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် သွားရမည် ဖြစ်ပါတယ်။

မည်သည့် အတိုင်းအတာ အောင်မြင်မှု ရရှိနေသည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ယနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင်တက်ရောက်နေသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်များသည် First Wave ၏ အောင်မြင်မှု ရလဒ်ဖြစ်သကဲ့သို့ Peace Building ဟု ပြောဆိုနိုင်သည့် လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနီးပါးနှင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပနိုင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရန် အလွန်နီးစပ် နေပြီဖြစ်ခြင်း၊ Political Inclusiveness ဟု ခေါ်ဆိုနိုင်သည့် နိုင်ငံရေးပါတီများ အနေဖြင့် ဒီမိုကရေစီ နိုင်ငံ ထူထောင်ရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိခြင်းတို့သည်လည်း First Wave ၏ အောင်မြင်မှုများ ဖြစ်ပါတယ်။

Second Wave ၏ အောင်မြင်မှုများကလည်း သိသာထင်ရှားစွာ ရှိနေပါတယ်။ Second Wave ၏ ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုရလဒ်များအနေဖြင့် ၂၀၁၂ ခုနှစ်၊ ကြားဖြတ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ခြင်း၊ ပြည်တွင်း လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်း၊ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ သတင်းမီဒီယာများအတွက် အကန့်အသတ်များကို ပယ်ဖျက်ပေးခြင်း၊ ပုဂ္ဂလိကသတင်းစာ ထုတ်ဝေခွင့်နှင့် ပြည်သူများ၏ ဆန္ဒသဘောများအား ဥပဒေနှင့်အညီ ထုတ်ဖော်ခွင့်ပေးခြင်း စသည့် ထင်ရှားသည့် ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပါတယ်။

Second Wave ၏ ဒုတိယအဆင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များ အနေဖြင့် စီးပွားရေးနယ်ပယ်အချို့တွင် Quick Win ရရှိခဲ့ပါတယ်။ ဥပမာ မိုဘိုင်းဖုန်း ဈေးနှုန်းများ ကျဆင်းပြီး တောနှင့် မြို့ကွာဟမှု ကျဉ်းမြောင်းလာခြင်း၊ ဈေးနှုန်းနှင့် လူမှုစီးပွားရေး သတင်းအချက်အလက်များ လျှင်မြန်စွာ ဒေသတိုင်းက သိရှိလာနိုင်ခြင်း၊ မော်တော်ကား ဈေးနှုန်း ကျဆင်းခြင်းတို့ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလရှည်ကြာ အဟန့်အတားဖြစ်နေခဲ့သော ပြည်ပမှ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးခြင်းကိုလည်း အောင်မြင်စွာ ကြိုးပမ်းနိုင်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံမှ ပိတ်ဆို့မှုများကို စတင်ဖယ်ရှားပေးခဲ့ခြင်း၊ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံခွင့်ကို ပြန်လည်ခွင့်ပြုခြင်း၊ ဥရောပသမဂ္ဂ အနေနှင့် မြန်မာနိုင်ငံကို လက်နက်ရောင်းဝယ်မှုကလွဲပြီး အခြားပိတ်ဆို့ အရေးယူမှုများ အားလုံးကို ရုပ်သိမ်းပေးခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြဋ္ဌာန်းပေးနိုင်ခဲ့သဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် နိုင်ငံခြား ငွေ လဲလှယ်နှုန်းကို ဈေးကွက်နှင့် လျော်ညီစွာ နှုန်းရှင်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်း၊ ဗဟိုဘဏ်ကို သီးခြား အဖွဲ့အစည်းအဖြစ် ရပ်တည်စေခဲ့ခြင်းတို့ ဖြစ်ပါတယ်။

Second Wave ၏ တတိယအဆင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှု၏ ရလဒ်အဖြစ် အစိုးရယန္တရား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရဖြစ်စေရေးအတွက် ဝန်ထမ်းအရည်အသွေး မြင့်မားစေရန် ဝန်ကြီးဌာန အသီးသီးမှာ လေ့ကျင့်သင်တန်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှု မရှိစေရေးအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကိုလည်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းပြီး သန့်ရှင်းသော အစိုးရဖြစ်ရေး စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။

Second Wave ၏ စတုတ္ထအဆင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု၏ ရလဒ်အဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ၅-၁၂-၂၀၁၁ ရက်နေ့ လုပ်ငန်းရည်ရွယ်ချက် ကန့်သတ်ခြင်းဆိုင်ရာ ဖြေလျှော့ပေးခြင်း၊ ၂၂-၂-၂၀၁၃ ရက်နေ့မှစ၍ ကုမ္ပဏီသက်တမ်းအား (၃)နှစ်မှ (၅)နှစ်သို့ တိုးမြှင့်ပေးခြင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရရှိရန် ရက်(၇၀)ကြာခြင်းကို ၂၅-၁၁-၂၀၁၃ ရက်နေ့မှစ၍ မြန်မာကုမ္ပဏီများအတွက် (၃)ရက်အတွင်း အပြီးထုတ်ပေးခြင်း၊ အနည်းဆုံး မတည်ငွေရင်းသတ်မှတ်ချက်ဖြစ်သည့် ကျပ်(၅)သန်း၊ ခွင့်ပြုမတည်ငွေကျပ်သန်း (၅၀) သတ်မှတ်ချက်အား ၁၇-၁၀-၂၀၁၃ ရက်နေ့မှစ၍ ပယ်ဖျက်ခဲ့ခြင်း၊ ကုမ္ပဏီမှတ်ပုံတင်ကြေး ကျပ်(၁၀)သိန်းနှင့် ဝန်ဆောင်ခ ကျပ် (၁၅၀၀၀) သတ်မှတ်ခြင်းအား မှတ်ပုံတင်ကြေးကို ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းအပေါ် မူတည်၍ အချိုးကျ သတ်မှတ်သွားရန် သုံးသပ်ပြင်ဆင်လျက် ရှိပြီး ဝန်ဆောင်ခအား ကျပ်(၅၀၀၀) သို့ ၂-၁၂-၂၀၁၃ ရက်နေ့တွင် လျှော့ချပေးခဲ့ပါတယ်။

ထို့အပြင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကလုပ်ငန်းရှင်များကို နိုင်ငံတကာနှင့် ချိတ်ဆက်မိအောင်လည်း ပံ့ပိုးကူညီမှုများ ဆောင်ရွက်ခဲ့ပါတယ်။ မကြာခင်က ကျင်းပပြီးစီးသွားခဲ့သည့် (၂၅)ကြိမ်မြောက်

အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများမှာ ASEAN Business & Investment Summit 2014 ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ထူးချွန်ဆုများ ရရှိခဲ့ခြင်းက ထင်ရှားသော သာဓကများပင် ဖြစ်ပါတယ်။

Third Wave အနေနှင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့က စတင်ခဲ့ခြင်းဖြစ်သည့်အတွက် သက်တမ်းအားဖြင့် (၁၁) လခန့် ရှိပြီဖြစ်ပါတယ်။ ထို အတောအတွင်းမှာ ပြည်ထောင်စုအဆင့် ဌာန အသီးသီးမှာ မိမိတို့ရဲ့ ဝန်ထမ်းအဆင့်အားလုံးကို တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးများပါ ဆွေးနွေး သင်တန်းပေး၊ ရှင်းလင်းလေ့ကျင့်ပြီး ဖြစ်ပါတယ်။

ဝန်ထမ်းများ၏ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၏ ထင်ရှားသည့် ရလဒ်အဖြစ် ဖော်ပြရမည်ဆိုလျှင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကို မြန်မာနိုင်ငံ၏ ကြီးမားသော အောင်မြင်မှုအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ၎င်း အစည်းအဝေးပွဲကြီးများအတွက် အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများ အားလုံး၏ တာဝန်သိမှု၊ တာဝန်ယူမှု နှင့် တာဝန်ခံမှုများအပြင် ပုဂ္ဂလိက ကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ကြီးကျယ်သော အောင်မြင်မှုကြီး ရရှိခဲ့ခြင်း ဖြစ်ပါ တယ်။

ပြည်သူလူထုနဲ့ အဖွဲ့အစည်းများ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်သွားရမည်ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ အများပူးပေါင်းပါဝင်သည့် ဖွံ့ဖြိုးမှုအား ဖြစ်ပေါ်စေရန်နှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ်များ အားကောင်းစေရေးနှင့် ဗဟိုထိန်းချုပ်မှု လျော့ချရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် တို့တွင် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ဒီမိုကရေစီနည်းလမ်းကျနစွာ အများစုပါဝင်ဆွေးနွေးသည့်ပုံစံများကို ဖော်ဆောင်ခဲ့ပြီး လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးကော်မတီများ ဖွဲ့စည်းပြီး မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်များ အား ဆောင်ရွက်သင့်သည့် အလေ့အကျင့်များ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့် ပြည်သူလူထုနှင့် အဖွဲ့အစည်း များကို ပါဝင်ဆောင်ရွက်စေလျက် ရှိပါတယ်။

နိဂုံးချုပ်အနေဖြင့် Second Wave ၏ တတိယအဆင့် ပြုပြင်ပြောင်းလဲမှု (၃)ရပ်ဖြစ်သည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးဆုံးဖြစ်ပြီး ကောင်းမွန်သော အုပ်ချုပ်ရေး ရှိသော သန့်ရှင်းသော အစိုးရဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရေးစသည့် ယန္တရားကို ပြည့်ဝစွာ အကောင်အထည်ဖော်ခြင်းအားဖြင့် ပြည်သူများ လက်တွေ့ခံစားရုံသာမက တာဝန်ခံမှု ရှိစေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဆက်လက်၍ ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီး ထံ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ငမိုးရိပ်ချောင်းဟာ လှည်းကူးနှင့် ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်သွားရာ ကားလမ်းနှင့် တဖြည်းဖြည်းနီးကပ်၍ လမ်းပျက်နိုင်သဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်ရာမြို့နယ်မှ စီမံချက်ချကာ ဦးသာရင် အမည်ပေါက် လယ်မြေကို သီးနှံပျက်စီးမှုအား လျော်ကြေးပေး၍ ချောင်းသစ်ဖြတ်ဖောက် လုပ်ခဲ့ပါကြောင်း၊ ချောင်းဟောင်းကို ဖြတ်၍ မဖောက်ခင်အချိန်က ဟိုင်းကူးကျေးရွာတွင် ကျေးရွာ သုသာန်ရှိပြီး ရေတိုက်စား၍ ကမ်းပြိုရာသို့ သင်္ချိုင်းမြေပါသွားသဖြင့် ယင်း ချောင်းဟောင်းနှင့် ချောင်း သစ်ကြားတွင် ကျေးရွာ၌ နာရေးကိစ္စရှိသည့်အခါ မြှုပ်နှံသင်္ဂြိုလ်ရသဖြင့် နောင်အခါတွင် လူဦးရေ ထူထပ် လာပါက သင်္ချိုင်းမြေ ကျဉ်းမြောင်းမှုရှိလာနိုင်ကြောင်း၊ နိုင်ငံတော် စီမံချက်ဖြင့် ချောင်းသစ်ဖြတ်ဖောက်ခဲ့ သည့်အတွက် ချောင်းဟောင်းကျန်ခဲ့ပြီး ချောင်းကျိုးမြေမှာ (၃)ဧကခန့် ကျန်ရှိကြောင်း တွေ့ရှိရပါတယ်။

ယင်းဖော်ပြချက်နဲ့ ပတ်သက်၍ မူလမြေပုံပေါ်၌ ချောင်းဧရိယာတွင် ချောင်းကောရာမှ ဖြစ်ပေါ်လာသော မြေအဖြစ် တည်ရှိသော မြေအား တိုင်းတာရာ ဟိုင်းကူးကျေးရွာအုပ်စုဘက်ခြမ်းတွင် (၃)ဧကခန့်ရှိပြီး ကျန်မြေများမှာ ငွေးတောက်အိုင်ကျေးရွာအုပ်စုအပိုင်းတွင် တည်ရှိကြောင်း တွေ့ရှိရပါ တယ်။

အဆိုပါ တင်ပြလာခဲ့မှုအပေါ် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ်ခဲ့ရာ မူလမြေပုံပေါ်ရှိ ချောင်းဧရိယာတွင် ချောင်းကောရာမှ ဖြစ်ပေါ်တည်ရှိသော မြေအား မူလတည်ရှိသည့် ကွင်းမှ တိုင်းတာခဲ့ရာ ဟိုင်းကူးကျေးရွာအုပ်စုအပိုင် ဧရိယာအတွင်း၌ (၃)ဧကခန့်ရှိပြီး၊ ကျန်ဧရိယာများမှာ ငွေးတောက်အိုင်ကျေးရွာအုပ်စုအပိုင် ဧရိယာ အတွင်း တည်ရှိပါတယ်။ ဟိုင်းကူးကျေးရွာအုပ်စု အပိုင်အတွင်းမှ ဦးစိုးသန်းထွန်း ပိုင်ဆိုင်လုပ်ခွင့် ရရှိသော ဧရိယာ(၁.၄၆)ဧက၊ ဦးကုလား စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဧရိယာ(၀.၄၀) ဧကနှင့် အိမ် အဆောက်အဦ ဆောက်လုပ်ထားသော ဧရိယာ(၀.၂၀)ဧကတို့ ပါဝင်နေပြီး ကျန်မြေများမှာ မြေလွတ် များအဖြစ် တည်ရှိနေသည့်အတွက် ကျေးရွာအတွက် လိုအပ်သော သုသာန်မြေ၊ အားကစားကွင်း၊ ကုန်ထုတ်လမ်းများ ဆောင်ရွက်နိုင်ရန် ချောင်းကောမြေမှ ပုံစံ(၇)ရယူထားသည့် လုပ်ပိုင်ခွင့်ရ ဦးစိုးသန်းထွန်း၊ ဦးကုလားနှင့် လူနေအိမ်အဆောက်အဦ ဆောက်လုပ်ထားသူများထံမှ ချောင်းကောမြေ များ ပြန်လည်ရရှိရန် ကျေးရွာရှိ ရပ်မိ/ရပ်ဖများမှ ညှိနှိုင်းတောင်းခံသွားရန်နှင့် ချောင်းကောရာမှ ဖြစ်ပေါ်လာသော မြေအား ကျေးရွာပိုင်မြေအဖြစ် တရားဝင်လျှောက်ထား ဆောင်ရွက်သွားရန် ပြန်ကြား ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

အဆိုပါ တင်ပြမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများမှ ရောင်းချထားခဲ့ခြင်းမရှိဘဲ ချောင်း ကောမြေနှင့် တစ်ဆက်တည်း လယ်ယာစိုက်ပျိုးလုပ်ကိုင်နေသော ဦးစိုးသန်းထွန်း၏ လယ်လုပ်ပိုင်ခွင့်ရ မြေတွင် ချောင်းကောမြေ(၁.၄၆)ဧက၊ ဦးကုလား မှ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော (၀.၄၀)ဧကနှင့် နေအိမ် ဆောက်လုပ်ထားသော မြေဧရိယာ(၀.၂၀)ဧကများသည် ချောင်းကောမြေ အတွင်းဖြစ်ပြီး ကျန်မြေများမှာ မြေလွတ်များအဖြစ် တည်ရှိနေပါတယ်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ချောင်းကောမြေနှင့် တစ်ဆက်တစ်စပ်တည်း လယ်ယာစိုက်ပျိုး လုပ်ကိုင်နေသော ဦးစိုးသန်းထွန်း မှ ပုံစံ(၇)ရယူထားရာတွင် ချောင်းကောမြေ(၁.၄၆)ဧက ပါဝင်နေပါ သဖြင့် လုပ်ကိုင်ခွင့်ရရှိထားသူ ဦးစိုးသန်းထွန်း၊ (၀.၄၅)ဧက စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဦးကုလားနှင့် (၀.၂၀) ဧကကို နေအိမ်ဆောက်လုပ်ထားသူတို့ထံမှ ကျေးရွာရှိ ရပ်မိ/ရပ်ဖများ ညှိနှိုင်းတောင်းခံ၍

ရရှိပါက ချောင်းကောရာမှ ဖြစ်ပေါ်လာသော မြေအဖြစ် တည်ရှိနေသည့်မြေအား ကျေးရွာပိုင်မြေအဖြစ် လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် အမှန်တကယ် လိုအပ်နေသော ကိစ္စရပ်များအား စနစ်တကျ အကောင်အထည်ဖော် စီမံဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ပြည်သူများ၏ ငွေကြေးကို လိမ်လည်လှည့်ဖျား၍ အပိုင်စီးသွားနိုင်ဖွယ်ရှိသော ပြည်တွင်းပြည်ပကုမ္ပဏီများအား မူလကပင် မှတ်ပုံတင်ခွင့် မပေးသင့်ကြောင်းနှင့် ကုမ္ပဏီတည်ထောင်ပြီးနောက် ၎င်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးကြည့်ရှုရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ကုမ္ပဏီများမှတ်ပုံတင်ရာတွင် ပြည်သူများ၏ ငွေကြေးကို လိမ်လည်လှည့်ဖျား၍ အပိုင်စီးသွားနိုင်ဖွယ်ရှိသော ပြည်တွင်းပြည်ပ ကုမ္ပဏီများအား မူလကပင် မှတ်ပုံတင်ခွင့် မပေးသင့်ကြောင်းနှင့် ကုမ္ပဏီတည်ထောင်ပြီးနောက် ၎င်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးကြည့်ရှုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ကုမ္ပဏီများမှတ်ပုံတင်ရာတွင် ပြည်သူများ၏ ငွေကြေးကို လိမ်လည်လှည့်ဖျား၍ အပိုင်စီးသွားနိုင်ဖွယ်ရှိသော ပြည်တွင်းပြည်ပ ကုမ္ပဏီများအား မူလကပင် မှတ်ပုံတင်ခွင့် မပေးသင့်ကြောင်းနှင့် ကုမ္ပဏီ တည်ထောင်ပြီးနောက် ၎င်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးကြည့်ရှုရန် အစီအစဉ် ရှိ/မရှိဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တလော မြန်မာနိုင်ငံမှာ ကုမ္ပဏီမှတ်ပုံတင် တရားဝင်ပြုလုပ်ပြီးတော့ အစုရှယ်ယာပုံစံလိုလို၊ ပစ္စည်းဝယ်ရတာ လိုလို၊ ငွေကြေးထည့်ဝင်စေပြီးတော့ အစပိုင်းမှာတော့ ထည့်ဝင်တဲ့သူတွေကို အမြတ်အစွန်းများစွာ ရရှိစေပြီး နောက်ပိုင်းမှာ တော့ စုပ်လည်းစူး၊ စားလည်းရှူး အခြေအနေဖြစ်ပေါ်လာပြီး ကုမ္ပဏီတွေက ပိတ်သိမ်းပြီးတော့ ငွေကြေးတွေ ထုတ်ယူကာ ထွက်ပြေးတိမ်းရှောင်သွားတာကို မကြာခဏကြားသိရပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဂန့်ဂေါနယ်မြေမှာ ရိုးသားတဲ့ ပြည်သူတွေဟာ ဆိုလို့ရှိလျှင် ရှာလုံးနီးပါး၊ ရှာလုံးကျွတ်ဆိုသလို ထိုင်းနိုင်ငံက အခြေစိုက် ကုမ္ပဏီတစ်ခုကို ဝင်ရောက်ပြီးတော့ ငွေကြေးထည့်ဝင်ကြရပြီးတော့ အဆင့်မမီ တဲ့ လူသုံးကုန်ပစ္စည်းများကို မလိုချင်လည်းယူ၊ လိုချင်လည်း ယူနေကြရတဲ့ အခြေအနေ ဖြစ်ပေါ်နေပါ တယ်။ အဲဒီကုမ္ပဏီကို တစ်စုလျှင် ငွေကျပ် (၁၁၀၀၀၀)ထည့်ဝင်စေပြီးတော့ လူထုသိရှိသည်မှာ ရှယ်ယာလို့ဆိုသော်လည်းပဲ ကုမ္ပဏီက တာဝန်ရှိသူကို ကျွန်တော်က မေးမြန်းတဲ့

အခါမှာတော့ ဒီ(၁၁၀၀၀၀)ဟာ ရှယ်ယာမဟုတ်ဘူး။ (၁၀၀၀၀၀)ကို ပစ္စည်းယူခြင်းဖြစ်ပြီးတော့ (၁၀၀၀၀) မှာ စာအုပ်လုပ် ခြင်းဖြစ်ပါတယ်လို့ ကုမ္ပဏီက တာဝန်ရှိသူတစ်ဦးက ဖြေကြားပါတယ်။

ဒီကုမ္ပဏီက ပေးပို့တဲ့ပစ္စည်းတွေကို ကျွန်တော် လေ့လာကြည့်တဲ့အခါမှာ ငါးကြီးဆီလိုဟာမျိုးတွေ၊ မိတ်ကပ်၊ နှုတ်ခမ်းနီ၊ ခေါင်းလျှော်ရည်၊ ဒူးနာ၊ ခါးနာဒဏ်ကြေလိမ်းဆေး၊ ဆေးဆပ်ပြာလို့ ခေါ်တဲ့ ဆပ်ပြာမျိုးတွေ ပြန်ပို့လိုက်ကြောင်း သိရပါတယ်။ မိမိလိုချင်သော ပစ္စည်းများ မှာတဲ့အခါမှာ အဲဒီပစ္စည်းတော့ ပြတ်နေပြီ။ ပို့တာပဲ ယူပါလို့ပြောကြောင်း ဒေသခံများထံမှ သိရပါတယ်။ ကုမ္ပဏီကပြောတာကတော့ ပေးပို့တဲ့ပစ္စည်းတွေက အကောင်းစားတွေ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေ ထုတ်လုပ်တဲ့ အကောင်းစားတွေ ဖြစ်တယ်လို့ ဆိုသော်လည်းပဲ အဲဒီပစ္စည်းတွေကို ကြည့်လိုက်တဲ့အခါမှာ ထုတ်လုပ်တဲ့ ကုမ္ပဏီ၊ နိုင်ငံအမည် မပါဘူး။ Date မပါဘူး။ အာမခံချက် မပါတဲ့ပစ္စည်းတွေ ဖြစ်နေကြောင်း တွေ့ရပါတယ်။ အဲဒီလို (၁၁၀၀၀၀)နဲ့ မတည်ထားတဲ့သူက လူ (၂)ဦးကို မဖြစ်မနေ ရှာဖွေပေးရ ပြီးနောက် အဲဒီလူသစ် (၂)ယောက်ကနေ တစ်ယောက်ကို (၁၁၀၀၀၀)စီနဲ့ (၂၂၀၀၀၀)သွင်းလိုက်လို့ရှိရင် အဲဒီ လူသစ်ရှာပေးတဲ့လူတစ်ဦးကို (၂၀၀၀၀)ကျပ်စီ တန်ဖိုးရှိတဲ့ပစ္စည်းကို ပြန်ပို့ပေးပါတယ်။ အဲဒီတော့ (၁၀)ယောက်ရှာနိုင်ရင် (၂၀၀၀၀၀)ဖိုးပစ္စည်းပို့တဲ့အတွက်ကြောင့် လူရှာတာနဲ့ကိုပဲ တဖြည်းဖြည်းနဲ့ တစ် ယောက်ကနေ နှစ်ယောက်၊ နှစ်ကနေ လေး၊ လေးကနေ ရှစ်၊ တဖြည်းဖြည်းနဲ့ လပိုင်းအတွင်းမှာ ရွာလုံးကျွတ် အဖွဲ့ဝင်တွေ ဖြစ်သွားပြီးတော့ အဲဒီကုမ္ပဏီဟာ သိန်းပေါင်း သောင်းချီပြီးတော့ လေး၊ ငါး လအတွင်းမှာပဲ ရရှိသွားပါတယ်။ အဲဒီကုမ္ပဏီကို ရှယ်ယာထည့်သလိုလို၊ ပစ္စည်းဝယ်သလိုလို ဝင်လိုက် ရတဲ့ ပုဂ္ဂိုလ်များကတော့ လူရှာရင်း၊ ရှာရင်းနဲ့ပဲ နောက်ဆုံး အဆင့်မမှီတဲ့ပစ္စည်းတွေ ကိုယ့်အိမ်မှာ ပုံနေတာကို ကျွန်တော့်အနေနဲ့ တွေ့ရှိခဲ့ရပါတယ်။

အလားတူပဲ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လက မှတ်ပုံတင်ထားတဲ့ အိန္ဒိယအခြေစိုက် Silicon Technology မြန်မာလို့ ခေါ်တဲ့ ကုမ္ပဏီတစ်ခုက Project တစ်ခုကို သူ့ကုမ္ပဏီမှာ လာလုပ်မယ်ဆိုရင် (၉၀၀၀၀)ကျပ် သွင်းစေပြီးတော့ တစ်လကို (၃၀၀၀၀)ပြန်ထုတ်ပေးတဲ့စနစ်ကို စတင်ပြီးတော့ ကျင့်သုံးပါ တယ်။ သူ လုပ်ရတဲ့အလုပ်ကတော့ Website မှာ သူတို့ကုမ္ပဏီက ထုတ်တဲ့ပစ္စည်းတွေကို ကြော်ငြာ တင်ပေးရတဲ့အလုပ်လို့ သိရပါတယ်။ တချို့ဆိုရင် အဲဒီလို (၉၀၀၀၀)တန် Project (၁၀)ခု (၉)သိန်းဖိုး ဝယ်ပြီးတော့ လစဉ် ငွေကျပ်(၃)သိန်း ထုတ်ယူလို့ရရှိနေတယ်။ တချို့ဆိုလည်း ငွေတတ်နိုင်ရင် တတ်နိုင် သလောက် Project အခု (၃၀)၊ အခု(၄၀) စသည်ဖြင့် ရင်းနှီးမြှုပ်နှံပြီးတော့ ဒီကုမ္ပဏီမှာ ဝင်ကြရတယ်လို့ သိရပါတယ်။ သို့သော်လည်းပဲ ၁၃-၂-၂၀၁၅ ရက်နေ့မှာတော့ Website မှာ ကြော်ငြာတင်ပေးရတဲ့ လုပ်ငန်းဟာ ခက်ခဲလာပြီးတော့ ဒီရှယ်ယာဝင်ထားတဲ့ သူတွေက ကုမ္ပဏီရုံးတည်ဆောက်ရာ ဘိုကလေး ဈေးလမ်း၊ ရန်ကုန်မြို့ကို သွားကြည့်တဲ့အခါမှာ အခန်းပြန်အပ်ခဲ့ပြီးတော့ အဲဒီအိန္ဒိယ သူဌေးဟာ ငွေကျပ် သိန်းပေါင်း (၁၂၀၀၀)ကို ထုတ်ယူပြီးတော့ ထွက်ပြေးသွားကြောင်း သိရှိရပါတယ်။ ဒီကုမ္ပဏီတွေဟာ ကုမ္ပဏီထောင်ပြီးတော့ (၆)လအတွင်းမှာ ဒီလို ငွေကျပ် သိန်းပေါင်း သောင်းချီပြီးတော့ ရရှိသွားတာ ဖြစ်ပြီးတော့ ဒီကုမ္ပဏီဟာ တရားဝင်မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတွေ ဖြစ်ပါတယ်။

အဲဒီတော့ ဒီကုမ္ပဏီတွေ၊ ဒီဖြစ်စဉ်တွေဟာ ဆိုလို့ရှိရင် ကုမ္ပဏီစတင်တည်ထောင်တည်းက ဒီကုမ္ပဏီဟာ ဘာအလုပ်လုပ်မှာ လဲဆိုတာကို မေးမြန်းသင့်ပြီးတော့ ဒီကုမ္ပဏီ ထောင်ပြီးတဲ့အခါမှာလည်း ဒီကုမ္ပဏီဟာ ဘယ်လို Run နေသလဲဆိုတာကို စတင်ပြီးတော့ ကုမ္ပဏီခွင့်ပြုချက် ပေးခဲ့တဲ့ဌာနအနေနဲ့

စိစစ်ဖို့လိုမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ အခု ကျွန်တော်တို့ဘက်မှာတင်လား ဆိုတော့ မဟုတ်ဘဲနဲ့ မော်လမြိုင်ဘက်မှာ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဘက်မှာလည်း ဒီကုမ္ပဏီတွေဟာ ဒီလိုမျိုး လိုက်လံပြီးတော့ ဆောင်ရွက်နေတဲ့အတွက်ကြောင့် အင်မတန်ကြီးမားတဲ့ ငွေကြေးထည့်ဝင်မှုကြီးတွေဖြစ်နေတယ်လို့ ကျွန်တော့်အနေနဲ့ တွေ့ရှိရပါတယ်။

ဒီအပြင် ဒီကုမ္ပဏီဟာ ကျွန်တော်တို့နိုင်ငံတင်မကဘဲနဲ့ ဗီယက်နမ်တို့၊ လာအိုတို့နိုင်ငံတွေမှာလည်း ဒီလိုမျိုး သွားလုပ်နေတယ်လို့ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ လူဆိုတာကတော့ လောဘသားတွေဖြစ်တဲ့အတွက်ကြောင့် ဘာမှပညာလည်းတတ်စရာမလိုဘူး။ ငွေလေး ဒီလောက်ထည့်လိုက်တာနဲ့ လစဉ်ပုံမှန် အစိုးရလခစား တစ်ယောက်လို ရမယ်ဆိုတော့ ရွာသူ၊ ရွာသားတွေက ဒါကို မက်မောပြီးတော့ ထည့်ဝင်ကြရင်းနဲ့ ရွာလုံးကျွတ် ခံကြရတာဖြစ်ပါတယ်။ ဒီအထဲမှာ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေပါ အလိမ်ခံရတဲ့အထဲမှာ ပါနေကြောင်းလည်း ကျွန်တော့်အနေနဲ့ တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ပြည်သူတို့၏ ငွေကြေးကို လိမ်လှယ်လှည့်ဖျားပြီးတော့ အပိုင်စီးသွားနိုင်ဖွယ်ရှိတဲ့ ပြည်တွင်း၊ ပြည်ပကုမ္ပဏီတွေကို မူလကပင် မှတ်ပုံတင်ခွင့် မပေးသင့်ကြောင်းနဲ့ ကုမ္ပဏီတည်ထောင် ပြီးနောက် ၎င်းကုမ္ပဏီတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကြည့်ရှုရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၃။**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ မကွေးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်း မှ ဖြေကြားမှာ ဖြစ်ပါတယ်။

ကုမ္ပဏီတွေကို မှတ်ပုံတင်တဲ့အခါမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနဲ့အညီ တင်ပြရမယ့် သတ်မှတ်ထားတဲ့ လျှောက်လွှာပုံစံတွေနဲ့ အသင်းအဖွဲ့စည်းမျဉ်း၊ အသင်းအဖွဲ့မှတ်တမ်းတို့ ပြည့်စုံရင် မှတ်ပုံတင်ခွင့် ပြုပါတယ်။ ဖွဲ့စည်းမှတ်ပုံတင်ခွင့် လျှောက်ထားတဲ့ အခါမှာ ပါဝင်မယ့် ဒီအဆိုပြု ဒါရိုက်တာတွေရဲ့အခြေအနေတွေကို စိစစ်နိုင်ဖို့အတွက် ဥပဒေပါလို အပ်ချက်တွေအပြင် အဆိုပြု ဒါရိုက်တာ တစ်ဦးချင်းစီရဲ့ နေထိုင်တဲ့လိပ်စာ မှန်ကန်ကြောင်း၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံချက်နဲ့ ပြစ်မှုကင်းရှင်းကြောင်း မြို့နယ်ရဲစခန်းတို့ရဲ့ ထောက်ခံချက်တွေကို ရယူဆောင်ရွက်ရပါတယ်။ ကုမ္ပဏီတွေကို ဖွဲ့စည်းမှတ်ပုံတင်ပေးတဲ့အခါမှာ ကုမ္ပဏီတွေကနေ

ပြီးတော့ မိမိရဲ့ စီးပွားရေးလုပ်ငန်းတွေကို မှတ်ပုံတင်ပြီးတဲ့နောက်ပိုင်းမှာ မည်သို့မည်ပုံဆောင်ရွက်မည် ဆိုတာကို ကြိုတင်စိစစ်ရာမှာတော့ ကုမ္ပဏီမှတ်ပုံတင်ဌာနအနေနဲ့ များစွာ ခက်ခဲကြောင်း တင်ပြအပ်ပါတယ်။

ကုမ္ပဏီမှတ်ပုံတင်ဌာနအနေနဲ့ ဥပဒေအရ လိုအပ်တဲ့အချက် ပြည့်စုံမှု ရှိ/မရှိကို စိစစ်နိုင်ပြီးတော့ ပြည့်စုံပါက ဥပဒေနဲ့အညီ မှတ်ပုံတင်ပေးရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၉ မှာ နိုင်ငံသားတွေဟာ အောက်ပါလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ တူညီတဲ့လုပ်ငန်း ရှိစေရမယ်။ (က) ပြည်သူ့ဝန်ထမ်းတာဝန် ထမ်းဆောင်မှု၊ (ခ) အလုပ်လုပ်ကိုင်မှု၊ (ဂ) ကုန်သွယ်ရောင်းဝယ် ဖောက်ကားမှု၊ (ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊ (င) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ (စ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှုဆိုပြီးတော့ ပြဋ္ဌာန်း ထားပါတယ်။

ဒါကြောင့်မို့လို့ လုပ်ငန်းရှင်ကို သံသယပေါ်အခြေခံပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်မပြုခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ အခွင့်အရေးကို မျက်ကွယ်ပြုရာ ရောက်မှာဖြစ်ပါတယ်။ ကုမ္ပဏီတွေက တင်ပြတဲ့လုပ်ငန်းအတွက် ကျွန်မတို့က ဌာနဆိုင်ရာတွေကနေ ကြိုပြီးတော့ ပေးပို့ထားတဲ့ ခွင့်ပြုနိုင်တဲ့ စာရင်းတွေ၊ ခွင့်ပြုမယ့် လုပ်ငန်းစာရင်းတွေရယ်၊ နောက်တစ်ခါ လိုအပ်တဲ့ အတိုင်းအတာတွေ စိစစ်ပြီးမှုကို ကျွန်မတို့ စိစစ်ခဲ့ပြီး ဖြစ်ပါတယ်။ နောင်လုပ်မယ့် လုပ်ငန်းတွေကို မျှော်မှန်းပြီးတော့ တင်းကျပ်တဲ့ စိစစ်မှုတွေ ပြုလုပ်ခြင်းဟာတော့ ကျွန်မတို့အနေနဲ့ ဒီဟာလေးက ဌာနအနေနဲ့ စိန်ခေါ်မှု တစ်ရပ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီတိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ စိတ်ရင်း စေတနာမှန်နဲ့ အကျိုးရှိအောင်ဆောင်ရွက်လိုတဲ့ လုပ်ငန်းရှင်တွေအတွက် ကူညီဆောင်ရွက်ပေးတဲ့အခါမှာ ကြန့်ကြာမှုနဲ့ မလိုလားအပ်တဲ့အဟန့်အတားတွေ ဖြစ်လာမှာလည်း ကျွန်မတို့အနေနဲ့ စိုးရိမ်ပါတယ်။ ဒါကြောင့်မို့လို့ ဆောင်ရွက်မယ့် စီးပွားရေး လုပ်ငန်းကို စိစစ်ပြီးမှ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို လိုက်နာကျင့်သုံးဖို့ အခက်အခဲရှိပါကြောင်း တင်ပြအပ် ပါတယ်။

နောက် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဟာ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ  ကုမ္ပဏီရဲ့ အမည်နဲ့ ကုမ္ပဏီရဲ့ ဖွဲ့စည်းတည်ထောင်မှုကို မှတ်ပုံတင်ပေးခြင်း ဖြစ်ပါတယ်။ ကုမ္ပဏီရဲ့ အသင်းအဖွဲ့မှတ်တမ်းပါ လုပ်ငန်းရည်ရွယ်ချက်တွေကို ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။ ဥပမာလေးတစ်ခု တင်ပြရမယ်ဆိုရင် ခရီးသွားလုပ်ငန်းအတွက် ခရီးသွားလိုင်စင်ပေါ့။ ဝန်ကြီးဌာနက ထုတ်ပေးတဲ့ ခရီးသွားလိုင်စင်ရမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းကို လိုက်နာရမှာ ဖြစ်ပါတယ်။

အရင်တုန်းကတော့ ကျွန်မတို့အနေနဲ့ ကုမ္ပဏီတွေကို မှတ်ပုံတင်တဲ့အခါမှာ ဒါရိုက်တာတွေရဲ့ လုံခြုံမှုကို စိစစ်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာနကို ကျွန်မတို့ ပေးပို့ပါတယ်။ ကုမ္ပဏီက ဆောင်ရွက်မယ့်လုပ်ငန်းတွေ အတွက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ သဘောထားတွေ ရယူဆောင်ရွက်ပြီးတော့ ပြန်ကြားချက်တွေ ရရှိမှသာ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးကို တင်ပြပါတယ်။ နောက် အစိုးရအဖွဲ့အစည်းအဝေးကို တင်ပြပြီးတော့ ခွင့်ပြုချက် ရယူပါတယ်။ ပြီးတော့မှ ကျွန်မတို့

ခွင့်ပြုချက် ဒီဟာကို ချပေးပါတယ်။ အဲဒီလို အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ တစ်ခါတစ်ရံ အချိန်ယူမှုများ ရှိပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ Doing Business 2014 Report ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံဟာ စီးပွားရေး လုပ်ငန်းတွေ လာရောက်လုပ်ကိုင်ဖို့ အခက်အခဲဆုံး (၁၀)နိုင်ငံစာရင်းမှာ ပါဝင်နေတယ်။ ပြီးတော့ နိုင်ငံပေါင်း(၁၈၉)နိုင်ငံမှာ (၁၈၂) နိုင်ငံနေရာမှာ ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ နိုင်ငံတော်ရဲ့လမ်းညွှန်ချက်အရ စီးပွားရေးလုပ်ငန်းတွေကို မြန်ဆန်လွယ်ကူစွာ ဆောင်ရွက်နိုင်ဖို့နဲ့ ယခုအချိန်ကာလဟာ Rule of Law နဲ့ အညီ ဆောင်ရွက်နေတဲ့အတွက်ကြောင့်မို့လို့ ဥပဒေပါ အချက် တွေကို ဆောင်ရွက်ပါတယ်။ ကျွန်မတို့က အချို့သောအချက်များကို လျှော့ချပေးခဲ့ခြင်း ဖြစ်ပါတယ်။

မမှန်မကန် လုပ်ဆောင်နေတဲ့သူ တစ်ဦးတစ်ယောက်ကြောင့် ကုမ္ပဏီတွေ မှတ်ပုံတင်ခြင်းကို စိစစ်ပြီးမှ ခွင့်ပြုမယ်ဆိုရင် အချိန်ကြန့်ကြာမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ အဓိကအားဖြင့် နိုင်ငံသားလုပ်ငန်းရှင်တွေ အချိန်ကုန်ခြင်း၊ စီးပွားရေးလုပ်ကိုင်လူတွေ မချောမွေ့မှုတွေ ဖြစ်လာနိုင်မှာလည်း ရှိလာနိုင်မှာကို ကျွန်မတို့ တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ ကုမ္ပဏီတွေကို မှတ်ပုံတင်တဲ့အခါမှာ သတ်မှတ်စည်းကမ်း ချက်တွေနဲ့အညီ မှတ်ပုံတင်ခွင့်ကို အဆင့်ဆင့်စိစစ်ပြီးတော့ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ အများပြည်သူရဲ့ ငွေကြေးကို လိမ်လည်လှည့်ဖြားပြီး အပိုင်စီးမယ့် ကုမ္ပဏီဖြစ်ကြောင်း ကြိုတင်သိရှိနိုင်ခြင်း မရှိတဲ့အတွက် ကြောင့်မို့လို့ မှတ်ပုံတင် မသင့်ကြောင်း၊ ဆုံးဖြတ်နိုင်ခြင်း မရှိပါကြောင်း၊ ဆုံးဖြတ်ခွင့် မရှိကြောင်း ကျွန်မအနေနဲ့ တင်ပြအပ်ပါတယ်။

နောက်တစ်ခါ ကျွန်မတို့ မှတ်ပုံတင်ပေးပြီးတဲ့ ကုမ္ပဏီတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ကြပ်မတ်တဲ့အလုပ်ကလည်း ကုမ္ပဏီမှတ်ပုံတင်ရုံးက ဆောင်ရွက်တဲ့အခါမှာ ခက်ခဲပါတယ်။ ဘာပြုလို့လဲ ဆိုတော့ ကျွန်မတို့ ကုမ္ပဏီပေါင်းက လေးသောင်းခွဲကျော် ရှိပါတယ်။ ဦးစီးဌာနမှာ ကုမ္ပဏီနဲ့ပတ်သက်တဲ့ ဝန်ထမ်းက လေးဆယ်ကျော်ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ လတ်တလောမှာ မဖြစ်နိုင်သေးပါဘူး။ နောက်တစ်ခါ Company Act မှာလည်း ကုမ္ပဏီတွေကို လိုက်လံစစ်ဆေး ကြပ်မတ်ဖို့အတွက် အခွင့်အာဏာ မရှိပါဘူး။ ပေးထားမှု မရှိပါဘူး။ နောက်တစ်ခါ ကျွန်မတို့ ကုမ္ပဏီမှတ်ပုံတင်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဟာ ဘာလဲဆိုတော့ လ.ဝ.က နဲ့ တူပါတယ်။ လ.ဝ.က ကတော့ Natural Person ကို သူက မှတ်ပုံတင်ပေးတာ ဖြစ်ပါတယ်။ Jica ကတော့ စီးပွားရေးလုပ်ငန်း တွေကိုပေါ့။ ဒီလိုမျိုး မှတ်ပုံတင်ပေးတာ ဖြစ်ပါတယ်။ အဲဒီ စီးပွားရေးလုပ်ငန်းတွေက သက်ဆိုင်ရာ ပေါ့နော်။ တည်ဆဲ စည်းမျဉ်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ လုပ်ထုံးလုပ်နည်းတွေ အကုန်လုံးကို လိုက်နာဆောင်ရွက်ရတာ ဖြစ်ပါတယ်။ လိုက်နာမှုမရှိဘူးဆိုရင်တော့ ဒါဟာ ဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါတဲ့ ဂန့်ဂေါခရိုင်က ကုမ္ပဏီတစ်ခုနဲ့ ပတ်သက်ပြီးတော့ အသင်းဝင်သူတွေ၊ ဒါမှမဟုတ်လျှင် အစုဝင်တွေကနေပြီးတော့ သူတို့ လိမ်လည်လှည့်ဖျားခံရပြီး နစ်နာ ကြောင်း အခုအထိ ဒီအမှုကို တိုင်ကြားလာခြင်း မရှိသေးကြောင်း တင်ပြအပ်ပါတယ်။ အလွဲသုံးစား ပြုလုပ်ကြောင်းနဲ့ မသမာမှု ပြုလုပ်ကြောင်း တိုင်ကြားလာမယ်ဆိုရင် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ စုံစမ်းစစ်ဆေး သွားမှာဖြစ်ပြီးတော့ ဒီပေါ်ပေါက်ချက်တွေအပေါ်မှာ တည်ဆဲဥပဒေနဲ့အညီ အရေးယူ

ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ နစ်နာသူများအနေနဲ့လည်း ပြစ်မှုကြောင်းနဲ့ တရားမကြောင်းအရ သက်ဆိုင်ရာ တရားရုံးတွေမှာ တရားစွဲဆို ဆောင်ရွက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

နောက် ဒုတိယကုမ္ပဏီအနေနဲ့ ပတ်သက်ပြီးတော့ စီလီကွန် Technology Myanmar Co.Ltd; နဲ့ပတ်သက်ပြီးတော့ တရားခံအိန္ဒိယနိုင်ငံသားကို ကျွန်မတို့ ဒီမြန်မာနိုင်ငံက ကိုထွန်းထွန်းလင်း ကနေပြီးတော့ တိုင်ကြားတဲ့အတွက်ကြောင့်မို့လို့ ဗိုလ်တထောင် မြို့မရဲစခန်းကို တိုင်ကြားတဲ့အခါမှာ ရဲစခန်းက နေပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ လိမ်လည်မှုနဲ့ အမှုဖွင့် စစ်ဆေးလျက်ရှိပါတယ်။ ဒီတရားခံ အိန္ဒိယနိုင်ငံသားကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ ဒါကြောင့် မို့လို့ အခုလောလောဆယ်တော့ ကျွန်မတို့အနေနဲ့ကတော့ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံး ပတ်သက်နေတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှု ဦးစီးဌာနအနေနဲ့လည်း အခက်အခဲလေးတွေ ရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒီအစီအစဉ်ကတော့ လတ်တလော ဆောင်ရွက်ဖို့ မဖြစ်သေးကြောင်း တင်ပြရင်းနဲ့ ကျွန်မအနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ် ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဂန့်ဂေါဘက်မှာ ရွာလုံးကျွတ်တွေ ဒီလိုမျိုး ပါသွားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဂန့်ဂေါ မြို့နယ် တရားသူကြီးနဲ့ ကျွန်တော် သွားတိုင်ပင်ပါတယ်။ သွားတိုင်ပင်တော့ အခု ဝန်ကြီး ဖြေကြားသလိုပဲ ဖြေကြားပါတယ်။ အဲဒီတော့ ဒီကိစ္စဟာ သူတို့က အလိမ်ခံရတာတော့ ဟုတ်တယ်။ သို့သော် ဘယ်လို လိမ်နေတယ်ဆိုတာကို ဖော်ထုတ်လို့မရဘူး။ ဒါတွေကို ကျေကျေနပ်နပ်နဲ့ ယူပါတယ်ဆိုတာကလည်း လက်မှတ်ထိုးထားတယ်။ သူက တစ်ယောက်ကနေ နှစ်ယောက်ကို ပွားပေးရမယ်။ အဲဒီနှစ်ယောက် ကလည်း ထပ်ပွားပေးရမယ်။ ပိုက်ဆံတွေကလည်း ပို့နေရတယ်။ သူတို့ဆီကို ပို့နေတဲ့ပစ္စည်းကလည်း မဟုတ်တာတွေ ပို့နေတယ်ဆိုတော့ ဒါကတော့ မဟုတ်တာကြီးကတော့ သေချာနေတယ်။ ဒါကြီးကို ကျွန်တော်တို့က ဘယ်လို အဖြေရှာလို့ မရဘူး ဖြစ်နေတယ်။ အဖြေရှာလို့မရလို့သာလျှင် ကျွန်တော်က လွှတ်တော်မှာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဖြေရှာလို့ရရင် ကျွန်တော် တရားစွဲပြီးပြီ။ အဖြေကို ရှာလို့ မရဘူး ဖြစ်နေတယ်။ အဲဒီလောက်အထိကို ပိရိတယ်။ လုပ်ထားတာက ရေပက်မဝင်အောင် လုပ်ထား တယ်။ နိုင်ငံတကာနဲ့ကို ချည်ပြီးတော့ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ဖြစ်နေတယ်။ ကျွန်တော်က ပြောတယ်။ ခင်ဗျားတို့ ကုမ္ပဏီဥက္ကဋ္ဌကို ကျွန်တော် ပြောချင်တယ်ဗျာ။ ထိုင်းမှာရှိပါတယ်တဲ့။ ကုမ္ပဏီ ဥက္ကဋ္ဌနာမည် ပြောပါဆိုတော့ နာမည်က ရှည်လို့တဲ့၊ ခင်ဗျား မှတ်ရတာ ခက်မယ်တဲ့ မပြောဘူး။ အဲဒီလိုမျိုး အခြေအနေ ရှိပါတယ် ခင်ဗျား။

ဒါကြောင့်မို့ ဒီဟာက နည်းနည်းလေး အခက်အခဲတစ်ခု ဖြစ်နေပါတယ်။ ပြောရဆိုရလည်း တော်တော်ခက်ပါတယ်။ သူ လိမ်နေမှန်းတော့ သိနေတယ်။ ဘယ်လို ဖော်ပြရမှန်း မသိတဲ့ အခြေအနေ ဖြစ်နေလို့ သာလျှင် ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကျတော့ ဒီဝန်ကြီးဌာနနဲ့တော့ မသက်ဆိုင်တော့ဘူး။ တိုင်ကြားစာ ကော်မတီကို တိုင်စာပို့လိုက်။ အဲဒီတော့ ဥက္ကဋ္ဌ ရှင်းရမှာပေါ့ ဒီကိစ္စက။

**ချင်းတိုင်းရင်းသား တီးတိန်ချင်းလူမျိုးနွယ်စု (zolai) စာပေဖြင့် သတင်းစာထုတ်ဝေခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် က ချင်းတိုင်းရင်းသား တီးတိန်ချင်းလူမျိုးနွယ်စု (zolai) စာပေဖြင့် သတင်းစာထုတ်ဝေခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းတိုင်းရင်းသား တီးတိန်ချင်းလူမျိုးနွယ်စု (zolai) စာပေဖြင့် ဘာသာပြန် သတင်းစာထုတ်ဝေခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၊ သို့မဟုတ် ဒေသတစ်ခုရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို စံနှုန်းအမျိုးမျိုး ရှိမည်ဖြစ်သော်လည်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် သတ်မှတ်စံနှုန်းများအနက် အခြေခံအကျဆုံးဖြစ်သည်မှာ ဘယ်သူမှ မငြင်းပယ်နိုင်သည့် အချက်ပင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုဖြစ်စဉ် လူ့အခွင့်အရေး National Identity အမျိုးသားလက္ခဏာကို ခေတ်နဲ့အညီ တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံ့လူ့အဖွဲ့အစည်းရဲ့ ညီညွတ်မှုကို အခြေခံသော နိုင်ငံရေးတည်ဆောက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားပညာရေး ပြုပြင်ပြောင်းလဲမှုများနဲ့ လူမှုသဟဇာတရှိရှိနဲ့ အတူလက်တွဲ ပူးပေါင်းတည်ဆောက်ရန် လိုအပ်ပါမယ်လို့ သုံးသပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ State Building, Nation Building, Peace Building တို့ကို အချိတ်အဆက်မိမိ လုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်းကို ထင်ဟပ်စေမယ့် လှုပ်ရှားမှုကို ဥပဒေပြုတည်ဆောက်နိုင်ခြင်းဟာ အကြီးမားဆုံးသော ရလဒ်ကောင်း ရရှိနိုင်မယ့် ဒီမိုကရေစီစနစ်သစ်ရဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး (၁၀၀)ကျော်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနဟာ အချို့သော တိုင်းရင်းသားများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် နိုင်ငံမှ ထုတ်ဝေတဲ့သတင်းစာများကို မိမိတိုင်းရင်းသား ဘာသာစကားဖြင့် ဘာသာပြန်ထုတ်ဝေတဲ့ စကားဖြင့် ပြန်သာပြန် ထုတ်ဝေခွင့် ရရှိသည်ကိုလည်း ကြားသိရပါတယ်။ ချင်းပြည်နယ်တွင် ချင်းတိုင်းရင်းသား လူမျိုးနွယ်စုပေါင်း (၅၃)မျိုးရှိပြီး လူဦးရေအားဖြင့် ၂၀၁၄ ခုနှစ်၊ ရွှေ့ပြောင်းသန်းခေါင်စာရင်းအရ (၄၇၈၆၉၀)ရှိကြောင်း သိရှိရပါတယ်။ ချင်းတိုင်းရင်းသား လူမျိုးနွယ်စု (၅၃)မျိုးအနက် အောက်ဖော်ပြပါ မြို့နယ်(၃)ခုရှိ လူမျိုးနွယ်စု (၁၀)စုဟာ တီးတိန်ချင်းလူမျိုးနွယ်စုစာပေ၊ (zolai)ကို ဘုံစာပေဖြင့် အသုံးပြုကာ အခြေခံပညာ မူလတန်းကျောင်း များတွင်လည်း သင်ကြားပေးတဲ့စာပေပင်

ဖြစ်ပါတယ်။ မြို့နယ်အလိုက် စစ်တမ်းကောက် လူဦးရေ စာရင်းမှာ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ တီးတိန်မြို့နယ် လူဦးရေ (၈၇၃၈၉) ဦး၊ တွန်းဇံမြို့နယ်ရဲ့ လူဦးရေ(၂၁၂၆၁)ဦး၊ ကျီခါးမြို့နယ်ရဲ့ လူဦးရေ (၁၁၁၃၉)ဦး စုစုပေါင်း (၁၁၉၇၈၉)ဦး သာ ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖော်ပြပါ (၃)မြို့နယ်မှ လူမျိုးနွယ်စုများမှာ ဆိုင်းဇန်၊ ဆီယင်း၊ တီးဇန်၊ ဒိမ်း၊ ဂွေါတဲ၊ ငေါန်၊ ခေါ်နိုး၊ ထဒိုကိုကီး၊ ဖုံ ဘသက်၊ ဂှမ်းဟုန် လူမျိုးနွယ်စုများ ဖြစ်ပါတယ်။ အဆိုပါလူမျိုးနွယ်စုများဟာ တီးတိန်၊ တွန်းဇန်၊ ကျီခါးမြို့နယ်များသာမက ဖလမ်း၊ ဟားခါး၊ ကလေး၊ ကဘော်ချိုင့်ဝှမ်းဒေသများအပြင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟုမ္မလင်းမြို့နယ်များတွင်ပါ ပြန့်ကျဲပြီး အနည်းငယ် နေထိုင်ကြကာ လူဦးရေပေါင်း (၂)သိန်းကျော်ခန့် ရှိမည်ဟု ခန့်မှန်းသိရှိရပါတယ်။

ချင်းပြည်နယ်တွင် မြို့ပြလူဦးရေမှာ (၁၀)ရာခိုင်နှုန်းခန့်သာရှိပြီး (၉၀)ရာခိုင်နှုန်းကျော်မှာ ကျေးလက်နေပြည်သူများပင် ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများဟာ မိမိတို့တိုင်းရင်းသား ဘာသာစကားကိုသာ ပိုမိုအသုံးပြုကြပါတယ်။ သို့ဖြစ်ပါ၍ အသိပညာ၊ ဗဟုသုတ ရှာဖွေရာ၌ ၎င်းတို့ရဲ့ တိုင်းရင်းသားဘာသာစကား၊ စာပေသည်သာ အထိရောက်ဆုံး၊ အကျိုးရှိဆုံး ဖြစ်သည်ဟု ယူဆထားပါကြောင်း သုံးသပ်ပါတယ်။

၂၀၁၄ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေတဲ့ သတင်းစာများအား တိုင်းရင်းသား ဘာသာစကားနဲ့ ထုတ်ဝေပေးရန် အစီအစဉ်ရှိသည်ကို ကြားသိရတဲ့အပြင် တိုင်းရင်းသားများအတွက် တီးတိန်မျိုးနွယ်စု ဘုံစာပေအဖြစ် အသုံးပြုတဲ့ (Zolai) စာပေဖြင့် ထုတ်ဝေပေးနိုင်ရေးအတွက် ကိုယ်ပွား သတင်းစာတိုက် (ကလေး) မြို့မှ ၎င်းအထက်အဖွဲ့အစည်းသို့ တင်ပြခဲ့ဖူးကြောင်းနှင့် ဘာသာပြန်မည့် ပုဂ္ဂိုလ်လည်း အဆင်သင့် ကြိုတင်ဖွဲ့စည်းထားပြီး ပြင်ဆင်ထားရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်ကာလအဆက်ဆက် ဆန်းစစ်၍ ပြန်တွေးလိုက်ရင် အစာမကြေတာတွေ ရှိခဲ့ကြပါတယ်။ နိုင်ငံတော်အနေနဲ့ မကန့်ကွက်တဲ့တင်ပြချက်တွေ ကိုယ်လိုချင်တဲ့အဓိပ္ပာယ် အနှစ်သာရမပျက်တဲ့ အချက်အလက်တွေကို ဖော်ထုတ်၍ အဖြေရှာပေးလျက် ရှိနေပါတယ်။ နိုင်ငံတကာမှာ လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် နိုင်ငံရှုထောင့်ကကြည့်ပြီး ပြောဆိုနေကြတာကို ကြားသိရပါတယ်။ နိုင်ငံသားတိုင်းမှာ ကိုယ့်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေက ပေးအပ်တဲ့ အခွင့်အရေးတွေရှိပါတယ်။ ဒီအခွင့်အရေးတွေကို ဘယ်သူကမှ တားမြစ်ပိတ်ပင်ခွင့် မရှိပါဘူး။ တစ်နည်းပြောရရင် ဒီအခွင့်အရေးတွေဟာ မွေးရာပါအခွင့်အရေးတွေ ဖြစ်ပါတယ်။ တစ်ခု သတိပြုဖို့တော့ လွန်စွာမှ အရေးကြီးပါတယ်။ လူ့အခွင့်အရေးကို ချက်ချင်းလက်ငင်း တစ်ထိုင်တည်း ခံစားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အင်္ဂလိပ်လို Progression Globalization လို့ခေါ်တဲ့ တရွေ့ရွေ့ တစ်စစ တိုးတက်လာအောင် ကြိုးစားမှသာ ဖြစ်လာနိုင်တယ်လို့ နိုင်ငံသားတိုင်းအားလုံးက နားလည် သိရှိခံယူတတ်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း အပြုသဘောဖြင့် ဆောင်ကာ အကြံပြုတင်ပြအပ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၅ မှာလည်း နိုင်ငံသားတိုင်းသည် ဥပဒေနဲ့အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနဲ့ ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန်ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည်

အခြားတိုင်းရင်းသားလူမျိုး တစ်မျိုးကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများ အချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရှိမှသာ ဆောင်ရွက်ခွင့်ရှိသည်ဟု ဖော်ပြထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂(က)မှာလည်း တိုင်းရင်းသားများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်ဟု ဖော်ပြထားတာကို သိရှိရပါတယ်။ နိုင်ငံတော်ရဲ့ ကူညီစောင့်ရှောက်မှုဖြင့် ချင်းတိုင်းရင်းသားများအားလုံး ယနေ့ထိတိုင် နိုင်ငံတော်ရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံရှင်သန်ခွင့် ပေးထားတာကို ယုံကြည်မှုရှိစွာဖြင့် လက်ခံထားနိုင်ခဲ့ပါတယ်။

တီးတိန်ချင်းစာပေ(Zolai)မှာ ယခင်မှစ၍ ယခုအချိန်ထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ်၌လည်းကောင်း၊ ကလေးမြို့ တကသ အမှတ်(၁၀)လေ့ကျင့်ရေးကျောင်းတွင် လည်းကောင်း သင်ကြားပေးတဲ့ တီးတိန်ချင်းစာပေပင်ဖြစ်ပါတယ်။ တီးတိန်ချင်းစာပေကို အသုံးပြုသော လူဦးရေသည် အထက်အပိုဒ်(၄)တွင် ဖော်ပြပါ ချင်းလူမျိုးစုစုပေါင်း လူဦးရေ (၂၅)ရာခိုင်နှုန်းရှိခြင်း၊ အခြားမြို့နယ်များတွင် ပြန့်ကျဲနေထိုင်သော လူဦးရေနှင့် ပေါင်းပါက လူဦးရေ(၂)သိန်းကျော်ခန့်သာ ရှိခြင်းတို့ကြောင့် မိမိတို့ရဲ့ တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်သတင်းစာ ထုတ်ဝေခွင့်ပြုမည် ဆိုပါက နိုင်ငံတော် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလိမ့်မယ်ဟု သုံးသပ် မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ချင်းတိုင်းရင်းသားများရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးကို ဦးတည်လျက် ဆင်းရဲမွဲတေသောဘဝတွင် နွံနစ်နေဆဲဖြစ်သော ချင်းတိုင်းရင်းသား များကို အသိပညာဗဟုသုတများ လွယ်လင့်တကူ ရှာဖွေနိုင်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စ၍ နိုင်ငံတော်မှ ထုတ်ဝေတဲ့ သတင်းစာများ၌ တီးတိန်ချင်းလူမျိုးနွယ်စု ဘုံစာပေ(Zolai)ဖြင့် ဘာသာပြန်ထုတ်ဝေနိုင်ခွင့် ပြုနိုင်ပေးပါရန် မေးခွန်းအား ချင်းတိုင်းရင်းသား ညီနောင်များရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၁၁။**

**ဦးပိုက်ထွေး (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ရဲ့ မေးခွန်းကို ဝန်ကြီးဌာနကိုယ်စား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေက တိုင်းရင်းသားဘာသာနဲ့ သတင်းစာမှာဖော်ပြပေးနေမှုအနေနဲ့ ကိုယ်ပွားသတင်းစာတိုက် မော်လမြိုင်မှာဖြစ်ပါတယ်။ (၁)ပတ်လျှင်(၁)ကြိမ် စာမျက်နှာ (၄)မျက်နှာရှိပါတယ်။ မွန်ဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာနှင့် ပအိုဝ်ဘာသာတို့ဖြစ်ပြီး (၁)ဘာသာလျှင် (၁)မျက်နှာနှုန်းနဲ့ ဖော်ပြပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တိုင်းရင်းသားဘာသာစကားနဲ့ ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် ပုံနှိပ်စက်အနေအထားအရ အနည်းဆုံးစာမျက်နှာ (၄)မျက်နှာနဲ့ စောင်ရေ(၁၅၀၀၀)အထက်ရှိရန်လိုအပ်ပါတယ်။ လက်ရှိ ချင်းပြည်နယ်အတွင်းမှာ သတင်းစာ ဖြန့်ချိမှုအနေနဲ့ မြန်မာ့အလင်းသတင်းစာ (၉၄၂)စောင်၊ ကြေးမုံ(၁၈၇)စောင် စုစုပေါင်းသတင်းစာ (၁၁၂၉) စောင်သာရှိပါတယ်ခင်ဗျား။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ ချင်းပြည်နယ်အတွင်း သတင်းစာဖြန့်ချိမှုကို ယခင်က ကိုယ်ပွားသတင်းစာတိုက်(ကလေး)မြို့ကနေပြီးတော့မှ အဖြူအမည်း သတင်းစာပုံနှိပ်စက်နဲ့ ပုံနှိပ်ဖြန့်ချိပေးခဲ့ပါတယ်။ ယခုအခါမှာ ကလေးမြို့မှာရှိတဲ့ အဖြူအမည်းပုံနှိပ်စက်ဟာ သက်တမ်း ကြာမြင့်လာလို့မို့လို့ လက်ရှိအခြေအနေမှာ စက်စွမ်းအားကျဆင်းပြီး စက်အရန်ပစ္စည်းလည်း ရှားပါးမှုကြောင့် ၎င်းဒေသအတွက် သတင်းစာများကို ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ကနေပြီးတော့ ရိုက်နှိပ်ပြီးတော့မှ ပေးပို့လျက်ရှိပါတယ်။

ချင်းပြည်နယ်အတွင်းရှိ (Zolai)စာပေနဲ့ သတင်းစာထုတ်ဝေပါက ပြည်နယ်အတွင်းရှိ ကျန်တိုင်းရင်းသားမျိုးနွယ်စုများမှလည်း မိမိတို့သက်ဆိုင်ရာ ဘာသာစာပေများဖြင့် သတင်းစာထုတ်ဝေပေးရန် တင်ပြလာမှုများ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ချင်းပြည်နယ်အတွင်းရှိ ဘာသာစကားအမျိုးမျိုးနဲ့ သတင်းစာများထုတ်ဝေပေးရန် အခြေအနေဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် (Zolai)စာပေ တစ်မျိုးတည်းဖြင့် ထုတ်ဝေပါက အခြားချင်းတိုင်းရင်းသားများကို လျစ်လျူရှုတဲ့သဘော သက်ရောက်နေပါသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများကြား စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်လာနိုင်ကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့က အကြံပြုချက်ပေးပို့ထားပါတယ်ခင်ဗျား။

တိုင်းရင်းသားဘာသာစကားနဲ့ သတင်းစာ ထုတ်ဝေရန်အတွက် တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းတဲ့ သတင်းထောက်၊ ဘာသာပြန် စာတည်းများ၊ အယ်ဒီတာ၊ တာဝန်ခံ အယ်ဒီတာ ဘာသာစကားအသုံးပြုနိုင်တဲ့ ကွန်ပျူတာ၊ ဒီဇိုင်းကျွမ်းကျင်သူ၊ ၎င်းအပြင် စက်ပစ္စည်းများအနေနဲ့ ကွန်ပျူတာ၊ New Room စသည်များလည်း လိုအပ်မှာဖြစ်ပါတယ်။ သတင်းတည်းဖြတ်ဖော်ပြရာမှာလည်း ကျင့်ဝတ်နှင့်အညီ စိစစ်တည်းဖြတ်ရန် လိုအပ်ပြီးတော့မှ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကူညီပံ့ပိုးမှုများ လိုအပ်မှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိအခြေအနေမှာ ချင်းပြည်နယ်အတွင်းမှာ ပုဂ္ဂလိက အဖွဲ့အစည်းများက ချင်းစာပေနဲ့ ထုတ်ဝေတဲ့ ဂျာနယ်စာစောင်(၁၃)ခုရှိပါတယ်။ ထိုကဲ့သို့ ပုဂ္ဂလိက အဖွဲ့အစည်းများက ဂျာနယ်စာစောင်များ ထုတ်ဝေခွင့်ပြုရန် တင်ပြလာပါက ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်နဲ့အတူ ပြန်ကြားရေးဝန်ကြီးဌာနက ခွင့်ပြုပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းတိုင်းရင်းသား တီးတိန်မျိုးနွယ်စု (Zolai) တိုင်းရင်းသား ဘာသာစကားဖြင့် သတင်းစာထုတ်ဝေရာမှာ လောလောဆယ် အနေဖြင့် စီစဉ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ၁၉-၅-၂၀၁၅ ရက် (အင်္ဂါနေ့) ဒီကနေ့ ၁၃း၃၀ အချိန်တွင် ကျင်းပရန်လျာထားတဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၂၁-၅-၂၀၁၅ ရက်နေ့ ကြာသပတေးနေ့ ၁၃း၃၀ နာရီ အချိန်တွင် ကျင်းပပြုလုပ်ရန်လျာထားပါကြောင်း ပြည်ထောင်စု လွှတ်တော်မှ အသိပေး ပေးပါရန် အကြောင်းကြားလာခြင်းကို သိရှိနိုင်ပါရန် အသိပေးကြေညာအပ် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးမောင်အေးထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပေါ် စိစစ်တင်ပြချက် အစီရင်ခံစာကို ကျွန်တော်မှ လေးစားစွာ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၂၅၄
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်

၁။ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၇-၄-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၄-၅-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) မူလအဆိုပြုဥပဒေကြမ်းတွင် ပါရှိသော အပိုဒ်တို့ကို အသေးစိတ်လေ့လာဆွေးနွေးခဲ့ကြပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်းနှင့် ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ယင်းတို့၏ သက်တမ်းသတ်မှတ်ခြင်းအတွက်လည်းကောင်း လိုအပ်သည့်ပုဒ်မများကို အသစ်ထပ်မံ ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအခန်း(၄)၏နောက်တွင် အခန်း(၅)၊ အခန်း(၆)နှင့် အခန်း(၇)တို့ကို အသစ်ထပ်မံဖြည့်စွက်သင့်ပြီး မူလဥပဒေအခန်း(၅)ကို အခန်း(၈)အဖြစ် ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ် (၂)ကို ပုဒ်မခွဲငယ် (၁)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ပုဒ်မခွဲငယ်(၂)အဖြစ် (၂) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဟု ပြင်ဆင်ဖြည့်စွက်သင့်ကြောင်းနှင့် ပုဒ်မ ၁၂ ကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်၍လည်းကောင်း၊ မူလအဆိုပြု ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၁၂ - က ကို အပိုဒ် ၅၊ ပုဒ်မ ၂၁(ဂ)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိစေရန် အတွက် ဆိုသည့်စကားရပ်ကို ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၏ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ တို့ကို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ တို့အဖြစ် ပြောင်းလဲ အမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ထို့အပြင် ဥပဒေတစ်ရပ်လုံးတွင် စကား ပြောင်းလဲခြင်း၊ မြန်မာစာရေးထုံးနှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ခြင်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ ပြင်ဆင် ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း အသေးစိတ်ကို ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို လေးစားအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၂

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၂)ကို ပုဒ်မခွဲငယ်(၁)အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ ပုဒ်မခွဲငယ်(၂)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၂) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၃

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း(၄)၏ နောက်တွင် အခန်း(၅)၊ အခန်း(၆)နှင့် အခန်း(၇)တို့ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

အခန်း(၅)

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်းများ

၁၂။ ကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀(ဂ)ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ အောက်ပါ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် ကော်မရှင်က သတ်မှတ်ထားသည့် မူဝါဒနှင့်အညီ မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရမည်။

၁၄။ ကော်မရှင်သည် ပုဒ်မ ၃ အရ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူ ပုဂ္ဂိုလ်အနည်းဆုံး(၃)ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှ တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲ အရာရှိကို အတွင်းရေးမှူး အဖြစ် တာဝန်ပေးအပ်ရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲသည် ပုဒ်မ ၄ အရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခံရသူ ပုဂ္ဂိုလ် အနည်းဆုံး (၃)ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင် များထဲမှတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန် ပေးအပ်ရမည်။ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စာရေးသည် ယင်းရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) အသက် ၄၀ နှစ်ပြည့်ပြီးသူ (ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။)

(ခ) နိုင်ငံသားဖြစ်သူ၊

(ဂ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူ၊

(ဃ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

(င) သက်ဆိုင်ရာဒေသတွင် အမြဲနေထိုင်ပြီး ဒေသခံပြည်သူများက ယုံကြည်လေးစားသူ၊

(စ) နိုင်ငံရေးပါတီဝင်မဟုတ်သူ၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည့် အပြင် မိမိတာဝန်ကျသည့် ဒေသ/ မြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မိသားစုဝင်နှင့်အတူနေ ဆွေမျိုးသားချင်းများ မဖြစ်စေရ၊ ကော်မရှင် အဖွဲ့ခွဲဝင်တစ်ဦးဦးသည် ဤအချက်နှင့် ငြိစွန်းပါက နုတ်ထွက်ရမည်။

(ဇ) နိုင်ငံရေးပြစ်မှုဖြင့် သော်လည်းကောင်း၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့် သော်လည်းကောင်း တရားရုံး၏ ပြစ်ဒဏ်စီရင်ချက် ကျခံဖူးသူ မဖြစ်စေရ။

၁၇။ အထက်ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ပုဒ်မ ၁၃ အရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီ ရယူဆောင်ရွက်နိုင်သည်။

## အခန်း(၆)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၈။ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊

(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊

(ဂ) သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(ဃ) မဲစာရင်းများ ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်း၊

(င) ရရှိသည့် ရန်ပုံငွေများကို စနစ်တကျသုံးစွဲခြင်း၊ သုံးစွဲစေခြင်း၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း၊

(ဆ) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့် မှတ်တမ်းများကို တိကျစွာ ပြုစု ထိန်းသိမ်းခြင်း၊

(ဇ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ဖော်ဆောင်ခြင်း၊

(ဈ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတစ်ပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်း မရှိစေရန် စောင့်ထိန်းခြင်း၊

(ည) ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့် လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း၊

(ဋ) ကော်မရှင်က ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၉။ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် -

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို တိကျ မှန်ကန်စွာ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) မိမိတာဝန်ကို ဘက်မလိုက်ဘဲ ဖြောင့်မတ် တည်ကြည်စွာ ထမ်းဆောင်ခြင်း၊

(ဂ) မိမိ၏တာဝန်၊ သိက္ခာနှင့်အညီ ပြောဆိုနေထိုင် ကျင့်ကြံခြင်း၊

(ဃ) ကော်မရှင်က ညွှန်ကြား၍ ဆောင်ရွက်ရသည်မှအပ ပါတီတွင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု မပြုရခြင်း။

## အခန်း(၇)

## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ သက်တမ်း

၂၀။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီး ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းပြီးနောက် ယင်း ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၂ ကို ပုဒ်မ ၂၁ အဖြစ် အမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

၂၁။ (က) ယခင် ဖွဲ့စည်းထားပြီးဖြစ်သော ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်တို့သည် ဤပြင်ဆင်သည့်ဥပဒေအရ ဖွဲ့စည်းထားသော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့် ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံး ဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

(ဂ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ကိုရရှိခံစားနိုင်ရေး အတွက် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် -

အပိုဒ် ၄၊ အပိုဒ် ၆

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၏ အခန်း(၅) ကို အခန်း(၈)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

၆။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၏ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ တို့ကို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် ဟု ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် က ရိုသေလေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးကံညွန့်က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၅၀)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၅၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ရဲ့ (၅၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင် အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ၁၁း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]